
Open
Myanmar
Initiative

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၅)

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၁)

(စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ)





လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်
ဇူလိုင် ၂၀၁၅

လွှတ်တော် စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အမှတ် - ၅

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၁)

(စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

Open Myanmar Initiative

အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၅၃ ၄၀ ၈၀
E-mail : research@omimyanmar.org

**မျက်နှာဖုံးဒီဇိုင်းဖွင့်ဆိုချက်**
မျက်နှာဖုံးပါ သရုပ်ဖော်ပုံမှာ
၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း
ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့သည့်
ကဏ္ဍ (၅) မျိုးပါ စုစုပေါင်းဥပဒေအရေအတွက်နှင့်
ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တင်သွင်းခဲ့သော
ဥပဒေအရေအတွက်ကို ဂရပ်ပုံဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။


**တည်းဖြတ်**
ဧခိုင်
**အစီရင်ခံစာပြုစုသူများ**
လှမျိုးကျော်၊ ထင်ကျော်အေး၊ ရဲမင်း
**အချက်အလက်ကောက်ယူသူများ**
သိန်းသန်းဌေး၊ ဝင်းဝင်းအေး၊ မြတ်ဆုအောင်၊
ကျော်ဇောဦး၊ စုမြတ်ဖြိုး၊
**စာစီစာပြု**
ဆုမွန်ကို

*၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသည်။*

## မြန်မာ့လွှတ်တော်ကို အရေးအတွက်အခြေပြု ချဉ်းကပ်လေ့လာချက် **မာတိကာ**


**အကျဉ်းချုပ်** ၇

အခန်း (၁) **နိဒါန်း** ၉

၁.၁.၀။ သုတေသနရည်ရွယ်ချက် ၁၀

၁.၂.၀။ သုတေသန နည်းနာဗေဒ ၁၀

၁.၃.၀။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု ၁၀

၁.၃.၁။ ဥပဒေကြမ်း ဖြတ်သန်းမှုဆိုင်ရာ ဝေါဟာရများ ၁၀

၁.၃.၂။ ဥပဒေကြမ်းများ၏ အမျိုးအစား ၁၁

၁.၃.၃။ ဥပမဒကြမ်းများ၏ အကြောင်းအရာ/ ကဏ္ဍ ၁၁

၁.၄.၀။ လေ့လာမှုအတိုင်းအတာ ၁၃

အခန်း (၂) **ဥပဒေပြုမှုဆိုင်ရာ နောက်ခံအကြောင်းအရာများ** ၁၅

၂.၁.၀။ လွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမှု ၁၅

၂.၂.၀။ ဥပဒေကြမ်း တင်သွင်းခြင်း ၁၆

၂.၃.၀။ ဥပဒေကြမ်း ဆွေးနွေးခြင်း ၁၇

၂.၄.၀။ ဥပဒေကြမ်းကော်မတီ၏ အခန်းကဏ္ဍ ၁၇

အခန်း (၃) **ကဏ္ဍ (၅) မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများကို လေ့လာခြင်း**
**(စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ)** ၁၉

၃.၁.၀။ ဥပဒေကြမ်းတင်သွင်းခြင်း ၁၉

၃.၂.၀။ ဥပဒေကြမ်း ဆွေးနွေးခြင်း ၂၃

အခန်း (၄) **ကဏ္ဍ (၅) မျိုးရှိ ဥပဒေကြမ်းတစ်ခုခြင်းအလိုက် အခြေခံအချက်အလက်များနှင့် သုံးသပ်လေ့လာချက်** ၂၉

၄.၁.၀။ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ ၃၀

၄.၂.၀။ သတင်းမီဒီယာဥပဒေ ၃၄

၄.၃.၀။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ၃၈

၄.၄.၀။ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ၄၂

၄.၅.၀။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ၄၅

၄.၆.၀။ ပို့ကုန်သွင်းကုန်ဥပဒေ ၄၉

၄.၇.၀။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ၅၂

၄.၈.၀။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ၅၆

၄.၉.၀။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၆၂

၄.၁၀.၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ၆၄

၄.၁၁.၀။ လယ်ယာမြေဥပဒေ ၆၈

၄.၁၂.၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ၇၂
၄.၁၃.၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၇၆
၄.၁၄.၀။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၇၈
၄.၁၅.၀။ မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ၈၂
၄.၁၆.၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၈၄
၄.၁၇.၀။ လျှပ်စစ်ဥပဒေ ၈၇
၄.၁၈.၀။ ဓာတုပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ၉၀
၄.၁၉.၀။ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ၉၃
၄.၂၀.၀။ ဘက်စုံပို့ဆောင်ရေးဥပဒေ ၉၇
၄.၂၁.၀။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေ ၁၀၁
၄.၂၂.၀။ ၁၉၆၄ ခုနှစ်၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ၁၀၃
၄.၂၃.၀။ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၀၅
၄.၂၄.၀။ ရေကြောင်းအတားအဆီးများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၀၇
၄.၂၅.၀။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင့်သည့်ဥပဒေ ၁၀၈
၄.၂၆.၀။ ဆက်သွယ်ရေးဥပဒေ ၁၀၉
၄.၂၇.၀။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၁၃
၄.၂၈.၀။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၁၅
၄.၂၉.၀။ နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ ၁၁၈
၄.၃၀.၀။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ ၁၂၂
၄.၃၁.၀။ မြန်မာအမျိုးသားလေကြောင်းဥပဒေ ၁၂၅
အခန်း (၅) **သုံးသပ်ချက်များနှင့် အကြံပြုချက်များ** ၁၂၉
**ကိုးကားစာရင်း** ၁၃၂

## ဇယားများ မာတိကာ

ဇယား (၃.၁) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက် ၂၀
ဇယား (၃.၂) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကော်မတီများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက် ၂၀
ဇယား (၃.၃) ဥပဒေကြမ်းတင်သွင်းခဲ့သည့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက် ၂၁
ဇယား (၃.၄) အကြောင်းအရာကဏ္ဍအလိုက် ဥပဒေကြမ်းတင်သွင်းအတည်ပြုနိုင်မှု ၂၁
ဇယား (၃.၅) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/ အဖွဲ့အစည်း၊ ကော်မတီအလိုက် တင်သွင်းခဲ့သည့် ဥပဒေကြမ်းများ၊ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု ၂၂
ဇယား (၃.၆) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/ အဖွဲ့အစည်း၊ ကော်မတီအလိုက် တင်သွင်းခဲ့သည့် ဥပဒေကြမ်းများအပေါ် သမ္မတ မှတ်ချက်ပြုမှု ၂၂
ဇယား (၃.၇) ဥပဒေကြမ်းများအလိုက် ဆွေးနွေးသည့်အကြိမ်ရေ ၂၄
ဇယား (၃.၈) ဥပဒေကြမ်းများကို လွှတ်တော်အလိုက် ဆွေးနွေးသည့်အကြိမ်ရေ ၂၅
ဇယား (၃.၉) ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဆွေးနွေးသည့်အကြိမ်ရေ ၂၆
ဇယား (၃.၁၀) ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် ပါတီအလိုက် ဆွေးနွေးသည့်အကြိမ်ရေ ၂၇

## ပုံများ မာတိကာ

ပုံ (၃-၁) ဥပဒေကြမ်းတင်သွင်းမှုများ၏ အကြောင်းအရာကဏ္ဍနှင့် တင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ ၂၁
ပုံ (၃-၂) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု ၂၂
ပုံ (၃-၃) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် သမ္မတ၏ သဘောထားမှတ်ချက်ပေးမှု ၂၃
ပုံ (၃-၄) လွှတ်တော်အလိုက် ဥပဒေကြမ်းဆွေးနွေးသည့် အကြိမ်ရေ ၂၅
ပုံ (၃-၅) ဥပဒေကြမ်းဆွေးနွေးသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ ၂၆

# ပါတီအမည်များနှင့် အတိုကောက်စကားလုံးများ

| | |
|---|---|
| AMRDP | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>All Mon Regions Democracy Party |
| CNDP/ CNP | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ယခင် ချင်းအမျိုးသားပါတီ)<br>Chin National Democratic Party (former Chin National Party) |
| CPP | ချင်းတိုးတက်ရေးပါတီ<br>Chin Progressive Party |
| DNDP | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ<br>Danu National Democracy Party |
| INDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Inn National Development Party |
| KPP | ကရင်ပြည်သူ့ပါတီ<br>Kayin Peoples Party |
| KSDDP | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Kayin State Democracy and Development Party |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု<br>National Democratic Force |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>National League for Democracy |
| NNDP | အမျိုးသားဒီမိုကရေစီပါတီသစ်<br>New National Democracy Party |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ<br>Pao National Organization |
| PSDP | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ<br>Phalon-Sawaw Democratic Party |
| RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>Rakhine Nationalities Development Party |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ<br>Shan Nationalities Democratic Party |
| TNP | တအာင်း(ပလောင်)အမျိုးသားပါတီ<br>Ta-Arng (Palaung) National Party |
| UDPKS | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)<br>Unity and Democracy Party of Kachin State |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>Union Solidarity and Development Party |
| WDP | “ဝ”ဒီမိုကရက်တစ်ပါတီ<br>Wa Democratic Party |

## အကျဉ်းချုပ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် လွှတ်တော်လေ့လာစောင့်ကြည့်ရေး အစီရင်ခံစာများကို ထုတ်ဝေလာရာတွင် မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်သည့် အစီရင်ခံစာများကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု အစီရင်ခံစာသည် ဥပဒေကြမ်းများနှင့် ပတ်သက်သည့် ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပထမဆုံး အစီရင်ခံစာဖြစ်သည်။ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်နိုင်ရန်၊ ဥပဒေပြုရေးတွင် နိုင်ငံသားများ ပိုမိုပါဝင်လာစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးစသည့် ကဏ္ဍ ၅ မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၃၁ ခုကို လေ့လာဖော်ပြထားခြင်း ဖြစ်ပါသည်။ လွှတ်တော်သက်တမ်းတစ်လျှောက် တင်သွင်းခဲ့သည့်၊ အတည်ပြုခဲ့သည့် အခြား ဥပဒေကြမ်းများကိုလည်း ဆက်လက်လေ့လာ၍ အစီရင်ခံစာများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

### လွှတ်တော်ဥက္ကဋ္ဌများ၏ အခန်းကဏ္ဍ ကြီးမားမှုနှင့် လွှတ်တော် နည်းဥပဒေများဆိုင်ရာ အားနည်းချက်များ

- လွှတ်တော်၏ ဥပဒေပြုရေးတွင် လွှတ်တော် နာယကနှင့် ဥက္ကဋ္ဌများ၏ လွှမ်းမိုးနိုင်မှုမှာ ကြီးမားနေကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက တင်သွင်းလာသည့် ဥပဒေကြမ်းများကို မည်သည့်လွှတ်တော်တွင် စတင်တင်သွင်းရမည်ဟူသည့်အချက်ကို အဆုံးအဖြတ်ပေးနိုင်ပြီး၊ လွှတ်တော်ဥက္ကဋ္ဌသည် မည်သည့်အဆင့်တွင်မဆို ဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့ထားရန် အဆိုတင်သွင်းစေနိုင်သည်။ ထို့အပြင် ဆွေးနွေးမည့်ရက်ကို ကြေညာနိုင်သော်လည်း၊ ထိုသတ်မှတ်ရက်တွင် မဖြစ်မနေ ဆွေးနွေးရသည့် အနေအထားမရှိသည်ကိုလည်း တွေ့ရသည်။
- လွှတ်တော်ဥပဒေများနှင့် နည်းဥပဒေများတွင် တိကျမှု အားနည်းချက်များ ရှိပြီး ထိုအားနည်းချက်များက ဥက္ကဋ္ဌများ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်စေသည်။
- ဥပဒေကြမ်းတစ်ခု ဆွေးနွေးရန်အတွက် ၃ ရက် ကြိုတင်စာရင်းပေးရန် နည်းဥပဒေများတွင်သတ်မှတ်ထားသည့်အချက်မှာ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဥပဒေကြမ်းတစ်ခုကို ဆွေးနွေးရက် အနည်းဆုံး ၃ ရက်ခန့် ကြိုပေးရုံဖြင့် ဆောင်ရွက်နိုင်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုအတွက် ပြင်ဆင်ရန်နှင့် လွှတ်တော်ပြင်ပမှ အဖွဲ့အစည်းများ၊ နိုင်ငံသားများအနေဖြင့် ဝင်ရောက်အကြံပြုဆွေးနွေးရန် အခက်အခဲရှိနိုင်သည်။

### လွှတ်တော်နှစ်ရပ် ဥပဒေကြမ်း ဆွေးနွေးမှုပုံစံ ကွဲပြားမှု

- ဥပဒေကြမ်း ဆွေးနွေးမှုတွင် ပြင်ဆင်ချက်အဆိုတင်သွင်းရမည်ဟု နည်းဥပဒေများတွင် ဖော်ပြထားသော်လည်း မဖြစ်မနေ တင်သွင်းစေခြင်းမဟုတ်သည့် အတွက် လွှတ်တော်နှစ်ရပ်အကြား လုပ်ထုံးလုပ်နည်း မတူညီမှုများ ရှိနေသည်ကို တွေ့ရသည်။
- ဥပဒေကြမ်း ဆွေးနွေးမှုတွင် ပြင်ဆင်ချက်အဆို တင်သွင်းစေသည့်နည်းလမ်းသည် အချိန်ကြာ

သော်လည်း ပွင့်လင်းမြင်သာမှု ပိုမိုအားသာသည်ဟု ဆိုနိုင်သည်။ သို့သော် ပြင်ဆင်ချက်အဆို တင်သွင်းလာပါက တင်သွင်းသည့် နေ့တွင်ပင် ဆွေးနွေးရန် လိုအပ်သဖြင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အကန့်အသတ်များ ဖြစ်စေနိုင်သည်။ ထိုဆွေးနွေးမှုများကိုလည်း ဥက္ကဋ္ဌက ခွင့်ပြုပေးရန် လိုအပ်သည်။

- ဥပဒေကြမ်း ဆွေးနွေးမှုတွင် ဥပဒေကြမ်းကို လွှတ်တော်တွင်း ယေဘုယျဆွေးနွေးစေပြီး ကော်မတီကြားနာမှုများတွင် ထပ်မံဆွေးနွေးစေသည့် နည်းလမ်းမှာ အချိန်နည်းနည်းဖြင့် မြန်မြန်ဆန်ဆန် အတည်ပြုစေနိုင်သော်လည်း ကော်မတီ ပြင်ပမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ကော်မတီ ကြားနာမှုများသည် ကော်မတီ အစည်းအဝေးများနှင့် ရောထွေးနေပြီး တံခါးပိတ်အစည်းအဝေးများ ဖြစ်နေခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ထိရောက်စွာ ပါဝင်နိုင်မှုကို အကန့်အသတ်များ ရှိနိုင်သလို၊ ပွင့်လင်းမြင်သာမှု အပိုင်းကိုလည်း ထိခိုက်နိုင်ပါသည်။

## ဥပဒေကြမ်း ဆွေးနွေးသည့် အဆင့်များတွင် တွေ့ရသည့် ထူးခြားချက်

- ဟသ်ာတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးတင်သွင်းသည့် လယ်ယာမြေ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အား အမျိုးသားလွှတ်တော်က ဆက်လက်ဆွေးနွေးရာ အခြားဥပဒေများနှင့် ကိုက်ညီရန် လိုအပ်သောကြောင့် ဆိုင်းငံ့ထားရန် လွှတ်တော်တွင် အဆိုတင်သွင်း အတည်ပြုခဲ့သော်လည်း၊ နောက်ရက်များတွင် အတည်ပြုနိုင်သည်အထိ ဆက်လက်ဆွေးနွေးခဲ့ကြသည်ကို ထူးခြားချက်အဖြစ် တွေ့မြင်ရပါသည်။

## လွှတ်တော်ပြင်ပ အဖွဲ့အစည်းများနှင့် နိုင်ငံသားများ အထိရောက်ဆုံး ပါဝင်နိုင်မည့်အဆင့်များ

- ဥပဒေကြမ်းများကို ဆွေးနွေးကြသည့် အဆင့်ဆင့်တွင် ဒုတိယအကြိမ် ဖတ်ကြားခြင်းဟု ဆိုနိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသည့်အဆင့်၊ အထူးသဖြင့် မူလတင်သွင်းသည့်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသည့်အဆင့်တွင် လွှတ်တော်ပြင်ပ အဖွဲ့အစည်းများ၊ နိုင်ငံသားများ ဝင်ရောက် ဆွေးနွေး အကြံပြုကြရန် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကဏ္ဍ ၅ ခုပါ ဥပဒေကြမ်း တင်သွင်း၊ ဆွေးနွေး၊ အတည်ပြုမှုဆိုင်ရာ အချက်အလက်များ

- ကဏ္ဍ ၅ ခုပါ ဥပဒေကြမ်းများကို ဆွေးနွေးကြရာတွင် ဥပဒေကြမ်းတစ်ခုလျှင် ပျမ်းမျှဆွေးနွေးသည့် အကြိမ်ရေ ၁၁ ကြိမ်ကျော်ရှိကြောင်း တွေ့ရပြီး၊ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ပျမ်းမျှဆွေးနွေးရက် ၄ ရက်ကျော်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။
- လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လေးနှစ်အတွင်း ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၁၂ ခု၊ စီးပွားရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၈ ခု၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၄ ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၄ ခုနှင့် စက်မှုလက်မှုကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၃ ခုတို့ ပါဝင်သည်။
- ထိုကဏ္ဍ ၅ ခုပါ အတည်ပြုခဲ့သည့် ဥပဒေကြမ်း ၃၁ ခုအနက် ဥပဒေကြမ်း ၂၀ မှာ အသစ်ရေးဆွဲသော ဥပဒေကြမ်းများဖြစ်ပြီး၊ ရှိရင်းစွဲ ဥပဒေတစ်ခုကို ပြင်ဆင်သည့် ဥပဒေကြမ်း ၉ ခုရှိပြီး၊ ရုပ်သိမ်းသည့် ဥပဒေကြမ်းမှာ ၂ ခုရှိကြောင်းတွေ့ရှိရသည်။
- ဥပဒေကြမ်း ၃၁ ခုအနက် ၁၇ ခုကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းခဲ့ပြီး ၁၄ ခုကို အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဥပဒေကြမ်း ၃၁ ခုကို လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၊ လွှတ်တော်ကော်မတီ ၃ ခု၊ ကော်မရှင် ၁ ခုနှင့် ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုတို့က တင်သွင်းခဲ့ခြင်းဖြစ်သည်။
- ဥပဒေကြမ်း ၃၁ ခုကို ဝင်ရောက်ဆွေးနွေးသည့် အကြိမ်ရေ ၃၅၇ ခုရှိပြီး၊ အရပ်သားလွှတ်တော်ကိုယ်စားလှယ် ၁၁၈ ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရှိရသည်။

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သောဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၁)

(စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊
စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊
ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ)

လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်

## အခန်း (၁)
## နိဒါန်း

ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် လွှတ်တော်လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ စတင်လုပ်ဆောင်လာခဲ့ရာ လွှတ်တော်တွင်း မေးခွန်းမေးမြန်းမှုများ၊ အဆိုတင်သွင်းမှုများ၊ အစည်းအဝေးတစ်ခုချင်းအလိုက် သုံးသပ်ချက် အစီရင်ခံစာများကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယခု အစီရင်ခံစာသည် လွှတ်တော်၏ လုပ်ငန်းများထဲမှ အဓိက လုပ်ငန်းတစ်ရပ်ဖြစ်သော ဥပဒေပြုရေးနှင့် ပတ်သက်ပြီး ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ပထမဆုံးထုတ်ဝေသည့် အစီရင်ခံစာ ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသော ပြည်ထောင်စုအဆင့် ဥပဒေပြုခွင့်ရှိသည့် ကဏ္ဍ ၁၂ ရပ် အနက်မှ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍစသည့် ကဏ္ဍ ၅ မျိုးပါ ဥပဒေကြမ်းများအနက်မှ လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဥပဒေအဖြစ် အတည်ပြု ပြဌာန်းပြီးဖြစ်သည့် ဥပဒေ ၃၁ ခုကို ယခုအစီရင်ခံစာတွင် လေ့လာဖော်ပြထားပါသည်။ ဥပဒေကြမ်းများကို လေ့လာခြင်း၊ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်ခြင်းအားဖြင့် လွှတ်တော်လေ့လာစောင့်ကြည့်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော ဥပဒေပြုရေး ဖြစ်စဉ်တွင် နိုင်ငံသူ၊ နိုင်ငံသားများ ပါဝင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်မည်ဟု ယုံကြည်ပါသည်။

### ၁.၁.၀။ သုတေသနရည်ရွယ်ချက်

ယခုအစီရင်ခံစာတွင် ကဏ္ဍ ၅ မျိုးပါ ဥပဒေ ၃၁ ခု၏ ဥပဒေ တစ်ခုချင်းအလိုက် နောက်ခံအချက်အလက်၊ အကျဉ်းချုပ်၊ လွှတ်တော်တွင်း ဖြတ်သန်းမှုအဆင့်ဆင့်တို့ကို ဖော်ပြထားပါသည်။ ထို့အပြင် ဥပဒေကြမ်း ၃၁ ခု၏ လွှတ်တော်တွင်း ဖြတ်သန်းမှုများကို ခြုံငုံသုံးသပ်ဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် ကဏ္ဍအလိုက် ဥပဒကြမ်းများ၏ လွှတ်တော်တွင်း ဖြတ်သန်းရသည့် အခြေအနေများကို သုံးသပ်လေ့လာနိုင်ရန်နှင့် ထိုဥပဒေများနှင့် ပတ်သက်သည့် အချက်အလက်များကို အလွယ်တကူ ရရှိနိုင်စေရန်အတွက် စုစည်းဖော်ပြခဲ့ပါသည်။ ထိုသုံးသပ်ချက်နှင့် အချက်အလက်များကို အကိုးအကားပြု၍ မြန်မာ့လွှတ်တော်များ၏ ဥပဒေပြုရေး ဖြစ်စဉ်တွင် နိုင်ငံသူ နိုင်ငံသားများ ပါဝင်နိုင်ရေး၊ ဥပဒေပြုရေး ဖြစ်စဉ် ပိုမိုပွင့်လင်းမြင်သာရေး၊ ကောင်းမွန်သော အင်စတီကျူးရှင်းဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်စေရေးနှင့် တရားဥပဒေစိုးမိုးရေးကို တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

### ၁.၂.၀။ သုတေသန နည်းနာဗေဒ

ယခုအစီရင်ခံစာအတွက် ဥပဒေကြမ်းများကို သုတေသနပြုရာတွင် လွှတ်တော်အသီးသီးမှ တရားဝင် ပုံနှိပ်ထုတ်ဝေသော အစည်းအဝေးမှတ်တမ်းများမှ အချက်အလက်များကို ကောက်ယူ၍ စာရင်းအင်းအချက်အလက်များ ထုတ်ယူသည့် သုတေသနနည်းလမ်းနှင့် အတည်ပြုပြီး ဥပဒေများပါ အကြောင်းအရာများကို လေ့လာအကျဉ်းချုပ် သုံးသပ်သည့် နည်းလမ်းများကို အဓိက အသုံးပြုခဲ့ပါသည်။ ယခုအစီရင်ခံစာတွင် ဥပဒေကြမ်းများ၏ လွှတ်တော်တွင်း ဖြတ်သန်းမှု အခြေအနေများနှင့် ဥပဒေပါ အကြောင်းအရာများကို ယေဘုယျ သိရှိနားလည်နိုင်စေရန်အတွက် အကျဉ်းချုပ်ဖော်ပြချက်များ ပါဝင်သည်။ ဥပဒေများ၏ အရည်အသွေးများနှင့် ဥပဒေတစ်ခု နှင့်တစ်ခု နှိုင်းယှဉ်လေ့လာချက်များပါဝင်မည်မဟုတ်ပါ။ သို့သော် ထိုအသေးစိတ် လေ့လာချက်များကို ဆောင်ရွက်လိုသူများအတွက် လိုအပ်သည့် အခြေခံအချက်များကို အထောက်အပံ့ ဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် ယခုအစီရင်ခံစာပါ အကျဉ်းချုပ် ဖော်ပြချက်များမှာ သက်ဆိုင်ရာဥပဒေကို လက်တွေ့ကိုင်တွယ် အသုံးပြုနိုင်ရန် ရည်ရွယ်သည် မဟုတ်ပါ။ ထို့ကြောင့် လက်တွေ့ကိုင်တွယ်အသုံးပြုကျင့်သုံးလိုပါက မူရင်းဥပဒေ၊ နည်းဥပဒေများကိုသာ အဓိက ကိုးကားအသုံးပြုကြရန် တိုက်တွန်းလိုပါသည်။

### ၁.၃.၀။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

#### ၁.၃.၁။ ဥပဒေကြမ်း ဖြတ်သန်းမှုဆိုင်ရာ ဝေါဟာရများ

**(က) ဥပဒေကြမ်းတင်သွင်းသူ**

ဥပဒေကြမ်းတင်သွင်းသူ ဟူသည်မှာ လွှတ်တော်တစ်ရပ်ရပ်တွင် ဥပဒေကြမ်းကို လာရောက်ဖတ်ကြားတင်သွင်းသူကို ဆိုလိုပါသည်။ ဥပဒေကြမ်းကို ရေးဆွဲပြုစုသူ၊ ရေးဆွဲသည့် အဖွဲ့အစည်း၊ ရေးဆွဲရာတွင်ပါဝင်သူ အဖွဲ့အစည်းများကို မဆိုလိုပါ။

**(ခ) ဥပဒေကြမ်းဆွေးနွေးသူ**

ဥပဒေကြမ်းဆွေးနွေးသူ များတွင် ဥပဒေကြမ်းပါ အကြောင်းအရာ တစ်ရပ်ရပ်ကို ပြင်ဆင်ချက်ပြုရန်၊ မူလအတိုင်းထားရှိရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဥပဒေကြမ်းနှင့် ပတ်သက်သည့် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ဥပဒေကြမ်း တင်သွင်းစဉ်က တင်သွင်းခွင့်ပြုသင့်ကြောင်း ထောက်ခံဆွေးနွေးသူကို ထည့်သွင်းတွက်ချက်ခြင်း မပြုပါ။

### (ဂ) ဥပဒေကြမ်းအတည်ပြုခြင်း

ဥပဒေကြမ်းအတည်ပြုခြင်း ဟူသည်မှာ လွှတ်တော်တစ်ရပ်ချင်းအလိုက် ဥပဒေကြမ်းများကို အတည်ပြုချင်းကို ဆိုလိုသည်။

### (ဃ) ဥပဒေအဖြစ်ပြဋ္ဌာန်းခြင်း

ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်း ဟူသည်မှာ သမ္မတမှ လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းကိုသော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းကို သော်လည်းကောင်း ဆိုလိုသည်။

## ၁.၃.၂။ ဥပဒေကြမ်းများ၏ အမျိုးအစား

### (က) အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေကြမ်း

လွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကသော်လည်းကောင်း အသစ်ရေးဆွဲပြုစု၍ လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။ အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေကြမ်းများတွင် အဆိုပါ ဥပဒေနှင့် ကိုက်ညီမှုမရှိသောကြောင့် ရုပ်သိမ်းရသည့် ဥပဒေများကို ထည့်သွင်းဖော်ပြထားသည်များလည်း ရှိပါသည်။ သို့သော် ရှိရင်းစွဲဥပဒေတစ်ရပ်ကို ရုပ်သိမ်းရန် သက်သက်မဟုတ်ပဲ ဥပဒေအသစ်ကို ပြဋ္ဌာန်းရာတွင် မကိုက်ညီသည့် တည်ဆဲဥပဒေဟောင်းတစ်ခုကို ရုပ်သိမ်းရခြင်းဖြစ်ပါကလည်း အသစ်ရေးဆွဲပြဋ္ဌာန်းသည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။

### (ခ) ပြင်ဆင်သည့် ဥပဒေကြမ်း

တည်ဆဲဥပဒေတစ်ရပ်ရပ်၏ အစိတ်အပိုင်းတစ်ရပ်ကိုသော်လည်းကောင်း၊ အစိတ်အပိုင်းများကိုသော်လည်းကောင်း ပြင်ဆင်ရန် ရည်ရွယ်သည့် ဥပဒေကြမ်းများကို ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။

### (ဂ) ရုပ်သိမ်းသည့် ဥပဒေကြမ်း

အခြားမည်သည့် အသစ်ပြဋ္ဌာန်းချက်မှ မပါပဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအဖြစ် သတ်မှတ်ပါသည်။

## ၁.၃.၃။ ဥပဒေကြမ်းများ၏ အကြောင်းအရာ/ကဏ္ဍ

ဥပဒေ/ဥပဒေကြမ်းများကို အမျိုးအစား ခွဲခြားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စု ဥပဒေပြုစာရင်း (၁) ပါ ကဏ္ဍ ၁၂ မျိုး ခွဲဝေပုံအတိုင်း အောက်ပါအတိုင်း ခွဲခြားထားပါသည်။

### (က) စီးပွားရေးကဏ္ဍ

- စီးပွားရေး၊
- ကူးသန်းရောင်းဝယ်ရေး၊
- သမဝါယမ၊
- ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်၊
- သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်း
- ဟိုတယ်နှင့် တည်းခိုခန်း၊
- ခရီးသွားလာရေးလုပ်ငန်း

### (ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ

- မြေယာစီမံခန့်ခွဲမှု၊
- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊
- ကြေးတိုင်နှင့် မြေစာရင်း၊
- မြေတိုင်း၊
- ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
- မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊
- စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊
- စက်မှုလယ်ယာ၊
- စိုက်ပျိုးရေးသုတေသန၊
- ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ထုတ်လုပ်ရေး၊
- ပင်လယ်ငါးလုပ်ငန်း၊
- တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ။

### (ဂ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ

- ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ် ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲ စသည်များ၊
- ပြည်ထောင်စု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊
- သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်း အလုပ်သမားဘေးကင်းရေး၊
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊
- ကျောက်မျက်ရတနာ၊
- ပုလဲ၊
- သစ်တော၊
- တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။

### (ဃ) စက်မှုလက်မှုကဏ္ဍ

- ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ၊ထုတ်လုပ်သည့် ပစ္စည်းများအတွက် အခြေခံစံချိန်စံညွှန်းများ၊
- သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသန၊
- အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကို စံပြုခြင်း၊
- မူပိုင်ခွင့်များ၊ တီထွင်မှုမူပိုင်ခွင့်များ၊ ကုန်အမှတ် တံဆိပ်များ၊ စက်မှုဆိုင်ရာ ဒီဇိုင်းများစသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများ။

### (င) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ

- ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊
- ရေကြောင်းလမ်းများပြုပြင်ထိန်းသိမ်းရေး၊
- ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊
- ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊
- မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊
- သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊
- လေကြောင်းသယ်ယူပို့ဆောင်ရေး၊


## ၁.၄.၀။ လေ့လာမှုအတိုင်းအတာ

ဤအစီရင်ခံစာတွင် လေ့လာဖော်ပြထားသည့် ဥပဒေကြမ်းများမှာ ပြည်ထောင်စုအဆင့်လွှတ်တော်များ ဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များတွင် တင်သွင်းဆွေးနွေးသည့် ဥပဒေကြမ်းများ ဖြစ်ပါသည်။ ထိုဥပဒေများအနက်မှ လွှတ်တော် စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အတည်ပြုပြီးဖြစ်သော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကဏ္ဍ ၅ မျိုး အတွင်းရှိ ဥပဒေကြမ်း ၃၁ ခုကို လေ့လာဖော်ပြထားခြင်း ဖြစ်ပါသည်။

ကျန်ကဏ္ဍ ၇ ခုအတွင်းရှိဥပဒေကြမ်းများကိုသော်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အတွင်းတွင် အတည်ပြုပြဌာန်းခဲ့သည့် ဥပဒေကြမ်းများကိုသော်လည်းကောင်း၊ အတည်မပြုရသေးသည့် ဥပဒေကြမ်းများ၊ ပယ်ချခံရသည့် ဥပဒေကြမ်းများကို ဆက်လက် လေ့လာဖော်ပြသွားမည် ဖြစ်ပါသည်။

ဥပဒေကြမ်းများကို လေ့လာရာတွင် ဥပဒေကြမ်းများ၏ ဖြတ်သန်းမှုများကို လေ့လာရန် လိုအပ်သကဲ့သို့ တင်သွင်းဆွေးနွေးနေသည့် ကာလအတွင်းတွင် ဥပဒေကြမ်းပါ အကြောင်းအရာများကိုပါ လေ့လာနိုင်ရန် လိုအပ်ပါသည်။ သို့သော် အချိန်ကာလ ကန့်သတ်ချက်ကြောင့် ယခုအစီရင်ခံစာတွင် ဥပဒေကြမ်းပါ အကြောင်းအရာများကို အသေးစိတ် လေ့လာခြင်းမပြုပဲ ဥပဒေကြမ်းများ၏ ဖြတ်သန်းမှု အဆင့်ဆင့်နှင့် အတည်ပြုပြီး ဥပဒေများ၏ အကျဉ်းချုပ်တို့ကိုသာ အလေးထား လေ့လာမှု ပြုခဲ့ပါသည်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေပြုမှု အဆင့်များ



# အခန်း (၂)

## ဥပဒေပြုမှုဆိုင်ရာ နောက်ခံအကြောင်းအရာများ

### ၂.၁.၀။ လွှတ်တော်တွင်း လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမှု

မြန်မာ့လွှတ်တော်သည် လွှတ်တော်နှစ်ရပ်စနစ်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ပါဝင်ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးစီ အချိုးကျ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော်တို့ ပါဝင်သည်။ ထိုလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်တွင်သည်။ လွှတ်တော်တစ်ရပ်တိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်း ခန့်အပ်ထားသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းစီ ပါဝင်သည်။ ထို့ကြောင့် ပုံမှန်အားဖြင့် ပြည်သူ့လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးဖြင့် ဖွဲ့စည်းပြီး၊ အမျိုးသားလွှတ်တော်ကို ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းအရေအတွက်မှာ ၆၆၄ ဦး ဖြစ်သည်။

သို့သော် ၂၀၁၀ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မဲဆန္ဒနယ် ၅ နေရာရှိခြင်းနှင့် လွှတ်တော်စတင် ကျင်းပသည့် ပထမပုံမှန်အစည်းအဝေးအတွင်းမှာပင် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးမှာ အစိုးရအဖွဲ့နှင့် အခြားပြည်ထောင်စု အဆင့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ရန် လွှတ်တော်မှ နှုတ်ထွက်သွား ကြရခြင်းတို့ကြောင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလအထိ ထိုနေရာ ၅၁ နေရာမှာ လစ်လပ်နေခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲ အပြီးတွင်လည်း လွှတ်တော်ကိုယ်စားလှယ် ၄၃ ဦးသာ ထပ်မံရွေးကောက် တင်မြှောက်နိုင်ခဲ့သည်။ ထို့အပြင် လွှတ်တော်သက်တမ်းတစ်လျှောက် ကွယ်လွန်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့သို့ ခေါ်ယူခန့်အပ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိနေသောကြောင့် လစ်လပ်နေရာများမှာ ရှိနေဆဲဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်း တင်သွင်းခန့်အပ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကိုမူ လွှတ်တော်သက်တမ်းအတွင်း အပြောင်းအလဲများ ပြုလုပ်လေ့ရှိခဲ့ပြီး အရေအတွက် လျော့ကျခြင်း မရှိအောင် ထားရှိနိုင်ကြောင်း တွေ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြည်သူ့လွှတ်တော်ရှိတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပြောင်းလဲခန့်အပ်မှု ၂၂ ကြိမ် ပြုလုပ်ခဲ့ပြီး၊ အမျိုးသားလွှတ်တော်ရှိ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ပြောင်းလဲခန့် အပ်မှု ၁၂ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

USDPသည်လွှတ်တော်နှစ်ရပ်ပေါင်းလွှတ်တော်ကိုယ်စားလှယ် အများဆုံးရှိနေသည့် ပါတီဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် USDP လွှတ်တော်ကိုယ်စားလှယ် ၄၄.၈ ရာခိုင်နှုန်း ပါဝင်ပြီး၊ အမျိုးသားလွှတ် တော်တွင် ၅၅.၃ ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလအတွင်း ပြည်သူ့လွှတ်တော်တွင် ဒုတိယ လွှတ်တော်ကိုယ်စားလှယ် အများဆုံးပါတီမှာ RNDP ဖြစ်သည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ပြည်သူ့လွှတ်တော်သို့ NLD မှ လွှတ်တော်ကိုယ်စားလှယ် ၃၇ ဦး ဝင်ရောက်လာပြီး လွှတ်တော်ကိုယ်စားလှယ် ၈.၅ ရာခိုင်နှုန်းဖြင့် ဒုတိယ လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံး ပါတီဖြစ်လာသည်။ အမျိုးသားလွှတ်တော်တွင်မူ ဒုတိယ လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံး ပါတီမှာ RNDP ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၃ ရာခိုင်နှုန်းရှိနေသည်။ ထိုအခြေအနေသည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင်လည်း ပြောင်းလဲခြင်းမရှိပေ။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအများစုမှာ ယခင်က အစိုးရဝန်ထမ်း အရာရှိကြီးများအဖြစ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာခြင်းဖြစ်ပြီး၊ ဒုတိယအများဆုံးမှာ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူ ၃ ရာခိုင်နှုန်း ပါဝင်သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အများစုမှာ ယခင်က စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပြီး၊ အစိုးရဝန်ထမ်း အရာရှိကြီးများအဖြစ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသူများမှာ ဒုတိယအများဆုံးဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူ ၅.၁ ရာခိုင်နှုန်း ပါဝင်သည်။

လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်တွင် လွှတ်တော်ပုံမှန်အစည်းအဝေး နှစ်ကြိမ်ကျင်းပခြင်း၊ လွှတ်တော်သက်တမ်း နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်သာ ကျင်းပလျက်ရှိခြင်းတို့မှလွဲလျှင် တစ်နှစ်လျှင် ပုံမှန်အစည်းအဝေး သုံးကြိမ်ကျင်းပလေ့ရှိကြောင်းတွေ့ရသည်။ နှစ်တစ်နှစ်၏ ပထမဆုံး ပုံမှန်အစည်းအဝေးဖြစ်သည့် ဖေဖော်ဝါရီလမတိုင်မီကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံတော် ရသုံးမှန်းခြေ ငွေစာရင်းဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေတို့ကို ဆွေးနွေးလေ့ရှိပြီး၊ နောက်ဆုံးပုံမှန်အစည်းအဝေးဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ကျင်းပသည့် ပုံမှန်အစည်းအဝေးများတွင် ထပ်တိုး ရသုံးမှန်းခြေငွေစာရင်းများကို ဆွေးနွေးလေ့ရှိသည်။ ဘတ်ဂျက်နှင့် မသက်ဆိုင်သည့် အခြားအကြောင်းအရာများကို နှစ်လယ် ပုံမှန်အစည်းအဝေးများတွင် အများဆုံး ဆွေးနွေးလေ့ရှိသည်ကို တွေ့ရသည်။

## ၂.၂.၀။ ဥပဒေကြမ်း တင်သွင်းခြင်း

လွှတ်တော်တွင် ဥပဒေကြမ်း ပေးပို့တင်သွင်းခွင့်ရှိသူများမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။ ဥပဒေကြမ်းများကို လွှတ်တော်သို့ ရက် ၃၀ ကြိုတင်ပေးပို့ရမည်ဖြစ်သည်။ သို့သော် ဥက္ကဋ္ဌက ခွင့်ပြုပါက "သတ်မှတ်ရက်အတွင်း ကြို တင်ပေးပို့ခြင်း မရှိသော်လည်း" ခွင့်ပြုနိုင်သည်ဟု ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော် နည်းဥပဒေများတွင် ဖော်ပြထားသည်။ ထိုသို့ ဥပဒေကြမ်းများပေးပို့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ အပါအဝင်ဖြစ်သော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပေးပို့သော ဥပဒေကြမ်းများကို မည်သည့်လွှတ်တော်မှ စတင်ဆွေးနွေးရမည်ဟူသည့် အချက်ကို ပြည်ထောင်စုလွှတ်တော် နာယကက ဆုံးဖြတ်သည်။ လွှတ်တော်နှစ်ရပ်အကြား စတင်ဆွေးနွေးရမည့် ဥပဒေကြမ်းဟူ၍ သီးခြားသတ်မှတ်ချက် မရှိသလို ဆုံးဖြတ်ပိုင်ခွင့် အနေအထားမှာ တန်းတူအနေအထားတွင် ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်မူ ဥပဒေကြမ်းများ

ပေးပို့လိုပါက ၎င်းတို့နှင့် သက်ဆိုင်သည့် လွှတ်တော်ထံ ပေးပို့ရသည်။ ဥပဒေကြမ်းများ ပေးပို့သည့်အခါတိုင်းတွင် အကျိုးအကြောင်းဖော်ပြချက် ပါဝင်ရသည်။

အမျိုးသားစီမံကိန်း၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့်အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကိုမူ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရသည်။

အစိုးရအဖွဲ့နှင့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တင်သွင်းလာသော ဥပဒေကြမ်းများကို လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးရသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေစေသည်။ ဥက္ကဋ္ဌက သတ်မှတ်သည့် တစ်ရက်ရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က လာရောက်တင်သွင်းရပြီး ထိုနေ့တွင်ပင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းသည်။ ထို့ကြောင့် အစိုးရအဖွဲ့အပါအဝင် အခြား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ပေးပို့သော ဥပဒေ ကြမ်းများကို လွှတ်တော်က ငြင်းဆိုခွင့်မရှိဟူသည့် သဘော ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်မှ ပေးပို့သော ဥပဒေကြမ်းများကိုမူ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေပြီး လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်/မသင့် မဲခွဲဆုံးဖြတ်သည်။ လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်မှသာ ဥပဒေကြမ်းကော်မတီကို လွှဲပြောင်းပေးသည်။ ထို့နောက်တွင်မှ ဥက္ကဋ္ဌသတ်မှတ်သည့်ရက်တွင် တင်သွင်းရသည်။ ထိုနေ့တွင်ပင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာကို တင်သွင်းသည်။

လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့် ဥပဒေကြမ်းများအားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည် ဖြစ်သည်။

## ၂.၃.၀။ ဥပဒေကြမ်း ဆွေးနွေးခြင်း

ဥပဒေကြမ်းတင်သွင်းပြီးနောက် ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်သည်။ ထိုသို့ဆွေးနွေးရာတွင် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်သည် ဥက္ကဋ္ဌမှ ဆွေးနွေးရန် ကြေညာသည့်ရက်မတိုင်မီ ၃ ရက်ကြိုတင် အမည်စာရင်း ပေးပို့ရသည်။

ဥပဒေကြမ်းများကို ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကြမ်းများအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းနိုင်သည်။ ထိုပြင်ဆင်ချက်အဆို တင်သွင်းသည့် အခါတွင်လည်း ပြင်ဆင်ချက်အဆိုနှင့် ပတ်သက်ပြီး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ဆွေးနွေးနိုင်သည်။

ဥပဒေကြမ်းများကို ဆွေးနွေးချက်ကို ပြင်ဆင်ချက်အဆိုအဖြစ်သာ တင်သွင်းရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် လွှတ်တော်နှစ်ရပ်အကြား ကွဲပြားခြားနားသည့် လုပ်နည်းလုပ်ဟန်များကို တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း ဆွေးနွေးမှုများကို ပြင်ဆင်ချက်အဆိုများဖြင့် ဆောင်ရွက်လေ့ရှိပြီး ဥပဒေကြမ်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်သည် ပြင်ဆင်လိုသည့် ပုဒ်မ၊ ပြင်ဆင်ချက်၊ အကျိုးအကြောင်း ဖော်ပြချက်စသည်တို့ကို ကြိုတင်ပေးပို့ထားရသည်။ ပြင်ဆင်ချက်အဆိုတစ်ခုချင်းအလိုက် မဲခွဲဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်တွင်မူ ဥပဒေကြမ်း ဆွေးနွေးမှုများအတွက် များသောအားဖြင့် ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုဘဲ အမည်စာရင်း တင်သွင်းပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ အပါအဝင် တင်သွင်းထားသည့် ဥပဒေကြမ်းကို ဝင်ရောက် ဆွေးနွေးနိုင်သည်။ ပြင်ဆင်လိုသည့်အချက်များကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက်တွင် ပြင်ဆင်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီတို့ ညှိနှိုင်းပြင်ဆင်စေသည်။ ထိုတွေ့ဆုံမှုသည် တံခါးပိတ် ကော်မတီအစည်းအဝေးဖြစ်သည်။ ထို့နောက်တွင်မှ ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုသည့် ပြင်ဆင်ချက်များနှင့်တကွ အစီရင်ခံစာတစ်စောင် တင်သွင်းရသည်။ ထိုပြင်ဆင်ချက်များနှင့် ဥပဒေကြမ်းကို မဲခွဲဆုံးဖြတ်သည်။

ဥပဒေကြမ်းများကို ဆွေးနွေးပြီးနောက် တစ်ပိုဒ်ချင်း အတည်ပြုသည့် အဆင့်ပါဝင်သော်လည်း လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်သောအဆင့် ဖြစ်သည်။

ထို့နောက် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရပြီး လွှတ်တော်ကိုယ်စားလှယ်များက ထိုအဆိုကို ဝင်ရောက် ဆွေးနွေးခွင့်ရှိသည်။ သို့သော် ထိုဆွေးနွေးချက်သည် ဥပဒေကြမ်းကို ထောက်ခံရန် သို့မဟုတ် ပယ်ချရန် ဆွေးနွေးချက် ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

လွှတ်တော်ဥက္ကဋ္ဌသည် ဥပဒေကြမ်း၏ မည်သည့်အဆင့်တွင်မဆို ဆိုင်းငံ့ရန် အဆိုတင်သွင်းစေနိုင်သည်။

ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရသည့်အခါ လွှတ်တော်နှစ်ရပ်အကြား သဘောထားကွဲလွဲသည့် အချက်များနှင့် သမ္မတ၏ သဘောထားမှတ်ချက်ကို သဘောတူသင့်/မတူသင့် တို့ကိုသာ ဆွေးနွေးရပြီး ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ခြင်း မရှိပေ။

## ၂.၄.၀။ ဥပဒေကြမ်းကော်မတီ၏ အခန်းကဏ္ဍ

ဥပဒေကြမ်း ကော်မတီများသည် လွှတ်တော်သက်တမ်းတစ်လျှောက်လုံး ဖွဲ့စည်းထားရသည့် အမြဲတမ်း ကော်မတီများ ဖြစ်ပြီး လွှတ်တော်စတင်ဖွဲ့စည်းပြီးနောက်တွင် စတင်ဖွဲ့စည်းရသည့် ကော်မတီများဖြစ်သည်။ အခြားအမြဲတမ်းကော်မတီများနည်းတူ ကော်မတီသက်တမ်း တစ်နှစ်ပြည့်

မြောက်တိုင်း ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ပြီး ဥပဒေကြမ်း ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးနိုင်သည်။ ကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာတွင် အချက် ၁၂ ချက်ဖြင့် စိစစ်ရသည်။ ထိုအချက်များမှာ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ
(၂) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များ
(၃) နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားကို ဦးတည်ခြင်း
(၄) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေး
(၅) ပကတိအခြေအနေများနှင့် ကိုက်ညီမှု
(၆) အများပြည်သူ၏ လုံခြုံရေး၊ ပစ္စည်းလုံခြုံရေး
(၇) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသော အရေးအသား အသုံးအနှုန်းများ
(၈) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု လုပ်ပိုင်ခွင့်များ ရောထွေးနေခြင်း
(၉) မြန်မာနိုင်ငံက သဘောတူထားသော နိုင်ငံတကာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေရှိခြင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးမှု
(၁၀) ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက် ပြည့်စုံမှု
(၁၁) လက်တွေ့အကောင်အထည်ဖော်နိုင်မှု
(၁၂) ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိခြင်း - တို့ဖြစ်သည်။

ဥပဒေကြမ်း ကော်မတီသည် ကျွမ်းကျင်သူများ၊ ပြည်သူများ၏ ဥပဒေရေးရာ အကြံပြုချက်၊ ဝေဖန်သုံးသပ်ချက်များနှင့် ကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်သည်။

ဥပဒေကြမ်းတစ်ခုကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ တို့မှ ကော်မတီဝင်ဦးရေ တန်းတူပါဝင်စေလျက် ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ဖွဲ့စည်းရသည်။ ပူးပေါင်းကော်မတီကို လွှတ်တော်ဥက္ကဋ္ဌ ၂ ဦး ညှိနှိုင်းဖွဲ့စည်းရပြီး ပူးပေါင်းကော်မတီ၏ သက်တမ်းမှာ အစီရင်ခံစာတင်သွင်းပြီးချိန် အထိဖြစ်သည်။

ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာများသည် ဥပဒေကြမ်း ဆွေးနွေးရာတွင် အခြေခံထား ဆွေးနွေးရလေ့ ရှိသည့် အစီရင်ခံစာများ ဖြစ်လေ့ရှိပြီး၊ ထိုအစီရင်ခံစာကို ကော်မတီဝင်တိုင်းက သဘောတူကြောင်း လက်မှတ်ရေးထိုးပြီး တင်သွင်းရသည်။ ကော်မတီတွင်း သဘောထားကွဲလွဲမှုများရှိပါက ထိုသဘောထားကွဲလွဲမှုများကို ပူးတွဲဖော်ပြလျက် လက်မှတ်ရေးထိုး တင်သွင်းနိုင်သည်။

ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီများသည် ဥပဒေကြမ်းအား သုံးသပ်စိစစ်ပြီးနောက် အစီရင်ခံစာတစ်စောင် တင်သွင်းလေ့ရှိသည်။ အမျိုးသားလွှတ်တော်တွင်မူ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်း ဆွေးနွေး သူများ၏ ပြင်ဆင်ရန် အဆိုပြုချက်များကိုပါ ထည့်သွင်းပြင် ဆင်ထားသည့် အစီရင်ခံစာကို များသောအားဖြင့် ထပ်မံတင်သွင်းရလေ့ရှိသည်။

## အခန်း (၃)
## ကဏ္ဍ ၅ မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများကို လေ့လာခြင်း
## (စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ)

လွှတ်တော်စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးစသည့် ကဏ္ဍ (၅) မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၃၁ ခုကို အတည်ပြုပြဋ္ဌာန်းခဲ့သည်ကို တွေ့ရသည်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၁၂ ခု၊ စီးပွားရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၈ ခု၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၄ ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၄ ခုနှင့် စက်မှုလက်မှုကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်း ၃ ခုတို့ ပါဝင်သည်။

ဥပဒေကြမ်း ၂၀ မှာ အသစ်ရေးဆွဲသော ဥပဒေကြမ်းများဖြစ်ပြီး၊ ရှိရင်းစွဲ ဥပဒေတစ်ခုကို ပြင်ဆင်သည့် ဥပဒေကြမ်း ၉ ခုရှိပြီး၊ ရုပ်သိမ်းသည့် ဥပဒေကြမ်းမှာ ၂ ခုရှိကြောင်းတွေ့ရှိရသည်။

ဤကဏ္ဍ (၅) မျိုးတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများအားလုံးအနက် သမ္မတမှတ်ချက်ပေးခဲ့သည့် ဥပဒေကြမ်း ၁၅ ခုရှိခဲ့ပြီး၊ သမ္မတမှတ်ချက်မပေးခဲ့သည့် ဥပဒေကြမ်း ၁၆ ခု ရှိခဲ့သည်။ ဥပဒေကြမ်းအားလုံးကို သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

### ၃.၁။ ဥပဒေကြမ်း တင်သွင်းခြင်း

ဥပဒေကြမ်း ၃၁ ခုအနက် ၁၇ ခုကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းခဲ့ပြီး ၁၄ ခုကို အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဥပဒေကြမ်း ၃၁ ခုကို လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၊ လွှတ်တော်ကော်မတီ ၃ ခု၊ ကော်မရှင် ၁ ခုနှင့် ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုတို့က တင်သွင်းခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများမှ အများဆုံး ဖြစ်ကြောင်းတွေ့ရပြီး ၁၂ ခု (၃၈.၇ ရာခိုင်နှုန်း) တင်သွင်းခဲ့သည်။ ဒုတိယအများဆုံး ဥပဒေကြမ်း တင်သွင်းအတည်ပြုသည့် ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်ပြီး ဥပဒေကြမ်း ၈ ခု (၂၅.၈ ရာခိုင်နှုန်း) တင်သွင်းခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော် ကော်မတီများ တင်သွင်းသည့် ဥပဒေကြမ်းအများစု သည် စီးပွားရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် အကျုံးဝင်သည့် ဥပဒေကြမ်းများ ဖြစ်ကြောင်းတွေ့ရပြီး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ဥပဒေကြမ်းတစ်ခုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက တင်သွင်းဖူးကြောင်း တွေ့ရသည်။ အစိုးရဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကဏ္ဍတိုင်းအတွက် ဥပဒေကြမ်းများ တင်သွင်းဖူးကြောင်း တွေ့ရသည်။

ဥပဒေကြမ်း ၃၁ ခုအနက် ၁၇ ခုအပေါ် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်း ဆွေးနွေးခဲ့ရကြောင်း တွေ့ရသည်။

ဥပဒေကြမ်း ၃၁ ခုအနက် ၁၅ ခုကို သမ္မတက သဘောထားမှတ်ချက် ပြန်ခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်ကော်မတီများမှ တင်သွင်းသည့် ဥပဒေကြမ်းများအားလုံးကို သမ္မတ သဘောထားမှတ်ချက် ပေးခဲ့ကြောင်းတွေ့ရပြီး လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် ဥပဒေကြမ်းများ အားလုံးကို သဘောထားမှတ်ချက် မပေးကြောင်း တွေ့ရသည်။

| စဉ် | အမည် | မဲဆန္ဒနယ်/ လွှတ်တော် | ဥပဒေကြမ်းအရေအတွက် |
|---|---|---|---|
| ၁။ | ဦးဖွေးဦး | ဟသ်ာတ/ ပြည်သူ့ | ၁ |
| ၂။ | ဦးသိန်းညွန့် | သင်္ဃန်းကျွန်း/ ပြည်သူ့ | ၁ |
| ၃။ | ဦးဖုန်းမြင့်အောင် | ရန်ကုန် (၃)/ အမျိုးသား | ၁ |

ဇယား ၃.၁။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်းအရေအတွက်။

| စဉ် | ကော်မတီ | ဥပဒေကြမ်း အရေအတွက် |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ၃ |
| ၂ | ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ၂ |
| ၃ | ပြည်သူ့လွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ | ၁ |

ဇယား ၃.၂ ။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကော်မတီများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်း အရေအတွက်။


| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | ဥပဒေကြမ်း အရေအတွက် |
|---|---|---|
| ၁ | ပို့ဆောင်ရေးဝန်ကြီးဌာန | ၈ |
| ၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ |
| ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၁ |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ |
| ၆ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | ၁ |
| ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန | ၁ |
| ၈ | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ၁ |
| ၉ | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန | ၁ |
| ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁ |

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း | ဥပဒေကြမ်း အရေအတွက် |
|---|---|---|
| ၁၁ | စက်မှုလက်မှုဝန်ကြီးဌာန | ၁ |
| ၁၂ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ၁ |
| ၁၃ | သတ္တုတွင်းဝန်ကြီးဌာန | ၁ |
| ၁၄ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် | ၁ |

ဇယား ၃.၃ ။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်းအရေအတွက်။

| စဉ် | အကြောင်းအရာ/ကဏ္ဍ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး | ၁၂ | ၃၈.၇ |
| ၂ | စီးပွားရေး | ၈ | ၂၅.၈ |
| ၃ | စိုက်ပျိုးရေးနှင့် မွေးမြူရေး | ၄ | ၁၂.၉ |
| ၄ | စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော | ၄ | ၁၂.၉ |
| ၅ | စက်မှုလက်မှု | ၃ | ၉.၇ |


ဇယား ၃.၄။ အကြောင်းအရာကဏ္ဍအလိုက် ဥပဒေကြမ်းတင်သွင်းအတည်ပြုနိုင်မှု။




ပုံ (၃.၁) ဥပဒေကြမ်းတင်သွင်းများ၏ အကြောင်းအရာကဏ္ဍနှင့် တင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ။

| တင်သွင်းသူ | စီးပွားရေး | စိုက်ပျိုးရေးနှင့် မွေးမြူရေး | စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော | စက်မှုလက်မှု | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး | စုစုပေါင်း |
|---|---|---|---|---|---|---|
| လွှတ်တော်ကိုယ်စားလှယ် | ၁ | ၁ | ၀ | ၀ | ၁ | ၃ |
| ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၄ | ၁ | ၃ | ၃ | ၁၁ | ၂၂ |
| ကော်မတီ | ၃ | ၂ | ၁ | ၀ | ၀ | ၆ |


ဇယား ၃.၅။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/အဖွဲ့အစည်း၊ ကော်မတီ အလိုက်တင်သွင်းခဲ့သည့် ဥပဒေကြမ်းများ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု။




ပုံ (၃.၂) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရမှု။

| တင်သွင်းသူ | သမ္မတမှတ်ချက်မပြု | သမ္မတမှတ်ချက်ပြု | စုစုပေါင်း |
|---|---|---|---|
| လွှတ်တော်ကိုယ်စားလှယ် | ၃ | ၀ | ၃ |
| ဝန်ကြီးဌာန/ အဖွဲ့အစည်း | ၁၃ | ၉ | ၂၂ |
| ကော်မတီ | ၀ | ၆ | ၆ |
| | ၁၆ | ၁၅ | ၃၁ |

ဇယား ၃.၆။ ဥပဒေကြမ်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ ဝန်ကြီးဌာန/အဖွဲ့အစည်း၊ ကော်မတီ အလိုက်တင်သွင်းခဲ့သည့် ဥပဒေကြမ်းများအပေါ် သမ္မတ မှတ်ချက်ပြုမှု။




ပုံ (၃.၃) ဥပဒေကြမ်းတင်သွင်းခဲ့သည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများနှင့် သမ္မတ၏ သဘောထားမှတ်ချက်ပေးမှု။

## ၃.၂။ ဥပဒေကြမ်း ဆွေးနွေးခြင်း

ဤကဏ္ဍ ၅ မျိုးအတွင်း အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၃၁ ခုရှိခဲ့သည့်အနက် ဥပဒေကြမ်းအဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဝင်ရောက်ဆွေးနွေးမှုရှိခဲ့သည့် ဥပဒေကြမ်း ၂၄ ခုရှိခဲ့သည်ကို တွေ့ရပါသည်။ ဥပဒေကြမ်း ၇ ခုကိုမူ ဆွေးနွေးမှုမရှိပဲ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ၎င်းတို့မှာ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၁၄) ကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ဖြစ်သည်။

ဥပဒေကြမ်းများကို လွှတ်တော်များတွင် စုစုပေါင်း ၁၆၉ ရက်ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ပျမ်းမျှအားဖြင့် ၅ ရက်ကျော် အချိန်ယူရကြောင်း တွေ့ရသည်။ ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆွေးနွေးရက် အများဆုံး ၁၅ ရက်အထိ ယူရဖူးကြောင်း တွေ့ရသည်။

ကဏ္ဍ ၅ မျိုးအတွင်းမှ ဥပဒေကြမ်းများအပေါ် စုစုပေါင်း ဝင်ရောက်ဆွေးနွေးသည့် အကြိမ် ၃၅၇ ကြိမ် ရှိရာ ဥပဒေကြမ်း တစ်ခုလျှင် ပျမ်းမျှဆွေးနွေးမှု ၁၁.၅ ကြိမ်ခန့်ရှိကြောင်း တွေ့ရပါသည်။ ဆွေးနွေးမှုအရ ပျမ်းမျှအထက်တွင် ရှိခဲ့သည့် ဥပဒေကြမ်း ၁၁ ခုရှိပြီး ကျန်ဥပဒေကြမ်းများအပေါ် ဆွေးနွေးမှုမှာ ပျမ်းမျှအောက်တွင်ရှိနေကြောင်း တွေ့ရပါသည်။ ဆွေးနွေးခဲ့သည့် ဥပဒေကြမ်းများအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးမှု အများဆုံးဖြစ်ခဲ့ကြောင်း တွေ့ရပြီး ဆွေးနွေးသည့် အကြိမ်ရေ ၇၂ ကြိမ်အထိ ရှိခဲ့သည်။


| ဥပဒေများ | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း | ၇၂ | ၂၀.၂ |
| မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေကြမ်း | ၅၄ | ၁၅.၁ |
| လယ်ယာမြေဥပဒေကြမ်း | ၃၄ | ၉.၅ |
| တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း | ၂၉ | ၈.၁ |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း | ၂၇ | ၇.၆ |
| မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း | ၂၂ | ၆.၂ |
| ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း | ၁၈ | ၅ |
| မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေကြမ်း | ၁၅ | ၄.၂ |
| ဆက်သွယ်ရေးဥပဒေကြမ်း | ၁၅ | ၄.၂ |
| မြန်မာ့လေကြောင်းဥပဒေကြမ်း | ၁၅ | ၄.၂ |
| သတင်းမီဒီယာဥပဒေကြမ်း | ၁၂ | ၃.၄ |
| စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်း | ၈ | ၂.၂ |
| ပို့ကုန်သွင်းကုန်ဥပဒေကြမ်း | ၅ | ၁.၄ |
| ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း | ၅ | ၁.၄ |
| လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | ၅ | ၁.၄ |
| ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်း | ၄ | ၁.၁ |
| အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်း | ၃ | ၀.၈ |
| မြန်မာ့ပုလဲလုပ်ငန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | ၃ | ၀.၈ |
| လျှပ်စစ်ဥပဒေကြမ်း | ၃ | ၀.၈ |
| နိုင်ငံတကာအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာ ဥပဒေကြမ်း | ၃ | ၀.၈ |
| ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်း | ၂ | ၀.၆ |
| အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်း | ၁ | ၀.၃ |
| တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်း | ၁ | ၀.၃ |
| မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုတ်သိမ်းသည့်ဥပဒေကြမ်း | ၁ | ၀.၃ |
| စုစုပေါင်း | ၃၅၇ | ၁၀၀ |

ဇယား ၃.၇။ ဥပဒေကြမ်းများအလိုက် ဆွေးနွေးသည့် အကြိမ်ရေ။

ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းများကို ဆွေးနွေးသည့် အကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး အကြိမ်ရေ ၂၄၀ (၆၇.၂ ရာခိုင်နှုန်း) ဆွေးနွေးခဲ့သည်။ အမျိုးသားလွှတ်တော်တွင် ၇၅ ကြိမ် (၂၁ ရာခိုင်နှုန်း) ဆွေးနွေးခဲ့သည်။ ပြည်ထောင်စု လွှတ်တော်တွင် ၄၂ ကြိမ် (၁၁.၈ ရာခိုင်နှုန်း) ဆွေးနွေးခဲ့သည်။

| လွှတ်တော် | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| ပြည်သူ့လွှတ်တော် | ၂၄၀ | ၆၇.၂ |
| အမျိုးသားလွှတ်တော် | ၇၅ | ၂၁ |
| ပြည်ထောင်စုလွှတ်တော် | ၄၂ | ၁၁.၈ |
| စုစုပေါင်း | ၃၅၇ | ၁၀၀ |

ဇယား ၃.၈။ ဥပဒေကြမ်းများကို လွှတ်တော်အလိုက် ဆွေးနွေးသည့် အကြိမ်ရေ။





ပုံ (၃.၄) လွှတ်တော်အလိုက် ဥပဒေကြမ်းဆွေးနွေးသည့် အကြိမ်ရေ။

ဆွေးနွေးမှု ၃၅၇ ကြိမ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှု ၂၆၇ ကြိမ် (၇၄.၈ ရာခိုင်နှုန်း) ပါဝင်ပြီး၊ ကော်မတီများမှ အကြိမ် ၄၀ ဝင်ရောက်ဆွေးနွေးကာ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ လာရောက်ရှင်လင်းဆွေးနွေးမှု ၄၃ ကြိမ်ရှိခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌများ ဝင်ရောက်ဆွေးနွေးသည့် အကြိမ်ရေ ၇ ကြိမ် ရှိခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၆ ကြိမ်ဆွေးနွေးကာ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၁ ကြိမ် ဆွေးနွေးခဲ့သည်။

| | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| လွှတ်တော်ကိုယ်စားလှယ် | ၂၆၇ | ၇၄.၈ |
| ပြည်ထောင်စုအဆင့် အဖွဲ့အစည်း | ၄၃ | ၁၂ |
| ကော်မတီ | ၄၀ | ၁၁.၂ |
| ဥက္ကဋ္ဌ | ၇ | ၂ |
| စုစုပေါင်း | ၃၅၇ | ၁၀၀ |

ဇယား ၃.၉။ ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ဆွေးနွေးသည့် အကြိမ်ရေ။




ပုံ (၃.၅) ဥပဒေကြမ်း ဆွေးနွေးသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ။

ပါတီအလိုက် ဥပဒေကြမ်းများကို ဆွေးနွေးမှုတွင် ဤကာလ ၅ မျိုးပါ အတည်ပြုပြီးသည့် ဥပဒေကြမ်းများကို ပါတီ ၁၃ ခုမှ ဝင်ရောက်ဆွေးနွေးခဲ့သည်။ USDP သည် အများဆုံး ဆွေးနွေးခဲ့ကြောင်းတွေ့ရပြီး ၁၅၂ ကြိမ် (၄၂.၆ ရာခိုင်နှုန်း) ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

| ပါတီ | ဆွေးနွေးသည့် အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| USDP | ၁၅၂ | ၄၂.၆ |
| NDF | ၂၇ | ၇.၆ |
| SNDP | ၂၅ | ၇ |
| တပ်မတော်သား | ၁၆ | ၄.၅ |
| NLD | ၁၃ | ၃.၆ |
| NNDP | ၁၀ | ၂.၈ |
| RNDP | ၁၀ | ၂.၈ |
| CPP | ၃ | ၀.၈ |
| NUP | ၃ | ၀.၈ |
| UDP | ၂ | ၀.၆ |
| တစ်သီးပုဂ္ဂလ | ၂ | ၀.၆ |
| AMRDP | ၁ | ၀.၃ |
| CNP | ၁ | ၀.၃ |
| PSDP | ၁ | ၀.၃ |
| PNOP | ၁ | ၀.၃ |
| ဥက္ကဋ္ဌ၊ ကော်မတီ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ | ၉၀ | ၂၅.၂ |
| စုစုပေါင်း | ၃၅၇ | ၁၀၀ |

ဇယား ၃.၁၀။ ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးသည့် ပါတီအလိုက် ဆွေးနွေးသည့် အကြိမ်ရေ။

လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းအလိုက် ဥပဒေကြမ်း ဆွေးနွေးမှုတွင် ဤကာလ ၅ မျိုးပါ ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နစ်ရပ်ပေါင်း အရပ်သားလွှတ်တော်ကိုယ်စားလှယ် ၁၁၈ ဦး ဝင်ရောက်ဆွေးနွေးခဲ့ပြီး တပ်မတော်သားကိုယ်စားလှယ် ၁၆ ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ အများဆုံးဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ သီပေါမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း၊ သင်္ကန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်နှင့် ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်တို့ဖြစ်ပြီး ၈ ကြိမ်စီ ဆွေးနွေးထားသည်။

## အခန်း (၄)

## ကဏ္ဍ(၅)မျိုးရှိ ဥပဒေကြမ်းတစ်ခုခြင်းအလိုက် အခြေခံအချက်အလက်များနှင့် သုံးသပ်လေ့လာချက်

ဥပဒေကြမ်းများကို လေ့လာရာတွင် ဥပဒေကြမ်း တစ်ခုချင်းစီအလိုက် နောက်ခံအချက်အလက်များ နှင့် လွှတ်တော်တွင်း ဖြတ်သန်းပုံအဆင့်ဆင့်ကို လေ့လာရန် လိုအပ်ပါသည်။

ဥပဒေကြမ်းတစ်ခု၏ နောက်ခံအချက်အလက်များကို ပြုစုရာတွင် ဥပဒေကြမ်းများကို တင်သွင်းသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ၊ တင်သွင်းသည့် နေ့ရက်၊ အတည်ပြုသည့် နေ့ရက်များကို ဖော်ပြထားပါသည်။ ဥပဒေကြမ်း ပြုစုသည့် လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများ၊ လွှတ်တော်သို့ စတင်ရောက်ရှိသည့်အချိန်ကာလ နှင့် အတည်ပြုသည့် ကာလကို ယေဘုယျသိရှိနိုင်ရန် ဖော်ပြထားခြင်းဖြစ်ပါသည်။ သို့သော် သတိပြု ရမည့်အချက်မှာ ဥပဒေကြမ်းတင်သွင်းသည့် နေ့ရက်ဟူသည်မှာ လွှတ်တော်တွင် စတင်ဖတ်ကြား တင်သွင်းသည့် နေ့ဖြစ်ပြီး ထိုနေ့မတိုင်မီ အနည်းဆုံး ရက် ၃၀ ကျော်ခန့် သို့မဟုတ် ထို့ထက်ပိုသော ကာလများကတည်းက လွှတ်တော်တွင် ရောက်ရှိနေပြီး ဖြစ်နိုင်သည်။

ဥပဒေကြမ်းများ၏ လွှတ်တော်တွင်း ဖြတ်သန်းပုံအဆင့်ဆင့်ကို လေ့လာရာတွင်လည်း လွှတ်တော် ပုံမှန်အစည်းအဝေးအတွင်း ဥပဒေကြမ်းတင်သွင်းမှု၊ အစီရင်ခံစာတင်သွင်းမှု၊ ဆွေးနွေးမှုအဆင့်ဆင့်ကို လေ့လာ ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ကော်မတီများ၏ အစီရင်ခံစာများကို စုံလင်စွာ မရရှိနိုင်ခဲ့ခြင်းကြောင့် ဥပဒေကြမ်းကော်မတီတွင် ကော်မတီဝင်မဟုတ်သည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုကို ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိပါ။ ကော်မတီ၏ ကြားနာမှုဆိုင်ရာ အချက်အလက်များကို ပိုမိုရရှိနိုင်ပါမှ ဖြတ်သန်းမှုအဆင့်ဆင့်သည် ပိုမိုပြည့်စုံမည်ဖြစ်ပါသည်။

ဥပဒေတစ်ခုချင်းစီ၏ မိတ်ဆက် အကျဉ်းချုပ်ဖော်ပြချက်များသည် ဥပဒေများကို ယေဘုယျ နားလည်သဘောပေါက်နိုင်စေရန် မိတ်ဆက်ဖော်ပြထားခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာဥပဒေများကို ကိုင်တွယ် အသုံးချမည့်သူများအတွက် မရည်ရွယ်ပါ။ ထို့ကြောင့် ဥပဒေများကို ကိုင်တွယ်အသုံးပြုရန် လိုအပ်ပါက မူရင်းဥပဒေများကိုသာ ကိုးကားကြရမည်ဖြစ်သည်။

## စီးပွားရေးကဏ္ဍ

### 4.1.0/ jrefrmEdkifiHukrÜPDtufOya'

Oya'Murf;pwifwifoGif; jyKvkyfonfhaeY
22.3.2013

22.3.2013
Oya'Murf;aumfrwDodkYtwnfjyKwifoGif; jyKvkyfonfhaeY

ukefoG,fa&;\ aqG;aEG;jcif; jyKvkyfonfhaeY
25.6.2013? 10.7.2013

10.7.2013
twnfjyK jyKvkyfonfhaeY

Oya'Murf;aumfrwDodkYtwnfjyKwifoGif; tqdkjyKcsufvTwfonfhaeY
28.8.2013

3.10.2013
jyifqifcsufrsm;twnfjyK tqdkjyKcsufvTwfonfhaeY

Oya'Murf;yl;aygif;aumfrwDodkYtwnfjyKwifoGif; jyefvnfxkwfjyefonfhaeY
7.11.2013

12.11.2013
ukefoG,fa&;\ aqG;aEG;jcif; jyefvnfxkwfjyefonfhaeY

or®wxHodkYjyifqifcsufrsm;ay; Oya'Murf;yl;aygif;aumfrwD avhvmawG&SdcsuftwnfjyKwifoGif; jyefvnfxkwfjyefonfhaeY
13.1.2014

17.1.2014
or®wxHodkYjyifqifcsufrsm;aqG;aEG; jyefvnfxkwfjyefonfhaeY

Oya' tjzpftwnfjyK jyefvnfxkwfjyefonfhaeY
17.1.2014

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဆက်အောင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ မတ်လ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

### (၂၀၁၂ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ )

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၈) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၉၆) ခုပါရှိသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် အထူးစီးပွားရေးဇုန်များ တည်ထောင်ဆောင်ရွက်ခြင်းအတွက် သင့်လျော်သော ပုဂ္ဂိုလ် တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်စေလျက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ဗဟိုအဖွဲ့ကို လိုအပ်သလို ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအား တိုက်ရိုက်တာဝန်ခံရမည်။ ဗဟိုအဖွဲ့သည် ဗဟိုလုပ်ငန်းအဖွဲ့များနှင့် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်များ၏ စီမံခန့်ခွဲမှုကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။ အထူးစီးပွားရေးဇုန်တည်ထောင်ခြင်းနှင့် ရှိရင်းစွဲစက်မှုဇုန်များ၊ ထပ်မံထူထောင်သင့်သော စက်မှုဇုန်များကို သတ်မှတ်ထားသော အထူးစီးပွားရေးဇုန် အင်္ဂါရပ်ဖြင့် ညီညွတ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြု၍ အထူးစီးပွားရေးဇုန် သတ်မှတ်နိုင်သည်။ ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို အခန်း(၃)၌ ဖော်ပြထားသည်။

ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ခန့်ထားပေးရမည်။ ဗဟိုလုပ်ငန်းအဖွဲ့ကို ဗဟိုအဖွဲ့မှ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ဗဟိုလုပ်ငန်းအဖွဲ့သည် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ အခြားဆောင်ရွက်သင့်သည့် အထူးစီးပွားရေးဇုန်များနှင့် နေရာဒေသများကို လေ့လာစိစစ်၍ ဗဟိုအဖွဲ့သို့ အကြံပြု တင်ပြနိုင်သည်။ အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေဆိုင်ရာနှင့် အခြားကိစ္စရပ်များကို စိစစ်၍ ဗဟိုအဖွဲ့သို့ အကြံပြုတင်ပြနိုင်သည်။ ဗဟိုလုပ်ငန်းအဖွဲ့အောက်တွင် လိုအပ်ပါက သင့်လျော်သော အခြားလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်

သည်။ ဗဟိုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို အခန်း (၄)တွင် ပြဋ္ဌာန်းဖော်ပြထားသည်။

ဗဟိုအဖွဲ့သည် အထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြင်ပပုဂ္ဂိုလ်များ၊ ပြင်ပအဖွဲ့အစည်းများမှပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်။ သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးကို အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းရမည်။ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများကို ဗဟိုအဖွဲ့မှ သတ်မှတ်ခန့်ထားပေးရမည်။ စီမံခန့်ခွဲမှုကော်မတီကို ဗဟိုအဖွဲ့မှ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ စီမံခန့်ခွဲမှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကို အခန်း (၅) တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်နိုင်ပြီး ဥက္ကဋ္ဌသည် ဗဟိုအဖွဲ့မှတဆင့် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၂၀၁၃ ၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနတစ်ခုခုအား တာဝန်ခံဝန်ကြီးဌာနအဖြစ် ပြည်ထောင်စု အစိုးရအဖွဲ့မှ တာဝန်ပေးအပ်နိုင်သည်။ တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန (သို့) အခြား ပြည်ထောင်စုဝန်ကြီး ဌာနတစ်ခုခုအား ဗဟိုလုပ်ငန်းအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ကုန်ကျစရိတ်များကိုကျခံရန် တာဝန်ပေး အပ်နိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် လိုအပ်ပါက အထူးကော်မတီ တစ်ရပ်ရပ်ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ရပ်ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းနိုင်သည်။ ပြည်ထောင်စုအစိုးရသည် ၎င်းဖွဲ့စည်းသော ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။ ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ရည်ရွယ်ချက်

အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များကို အထောက်အကူပြုရန်၊ အခြားနိုင်ငံများနှင့် စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အသက်မွေးဝမ်းကြောင်းပညာများ သင်ကြားနိုင်စေရန်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်စေရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပို့ကုန်ပမာဏတိုးလာစေရန်တို့ ဖြစ်သည်ဟု ဖော်ပြပါရှိသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသောဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာစမ်းစစ် သုံးသပ်ရေးကော်မရှင်တို့နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနတို့ညှိနှိုင်းစိစစ် ဆောင်ရွက်ခဲ့ကြကြောင်းကို ဥပဒေကြမ်းကော်မတီအစီရင်ခံစာ၌ ဖော်ပြပါရှိသည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်တို့ တွေ့ဆုံဆွေးနွေးခဲ့သည်ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ၌ ဖော်ပြပါရှိသည်ကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသဖြင့်

ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသောဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာချိန်တွင် သမ္မတမှတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်း ကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ခြင်းကိုလည်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ စုစုပေါင်းဆွေးနွေးရက် (၉) ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၄) ရက်၊ အမျိုးသားလွှတ်တော်တွင် တစ်ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၄) ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ NDF မှတစ်ဦး USDP မှ တစ်ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၂) ဦးတို့ဖြစ်သည်။

### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၅) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတစ်ဦးတို့လာရောက် ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကြည်မြင့် | လသာ | NDF | ပြည်သူ့လွှတ်တော် |
| ၂ | ဦးမြသိန်း | မုဒုံ | USDP | ပြည်ထောင်စုလွှတ်တော် |
| ၃ | ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး | တပ်မတော်သား | | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဗိုလ်မှူးဇင်လင်း | တပ်မတော်သား | | ပြည်ထောင်စုလွှတ်တော် |

## 4.2.0/ owifrD;Oya'

- 23.8.2013 — Oya'Murf;pwifwifoGif; trsdK;om;vTwfawmf
- 28.8.2013 — ukefpnf;vSnf;rI\aqG;aEG;tqifh trsdK;om;vTwfawmf
- 30.8.2013 — Oya'Murf;aumfwDtpDtpOfwifoGif; trsdK;om;vTwfawmf
- 30.8.2013 — twnfjyK trsdK;om;vTwfawmf
- 15.10.2013 — Oya'Murf;aumfwDtpDtpOfwifoGif; jynfolUvTwfawmf
- 4.11.2013 — ukefpnf;vSnf;rI\aqG;aEG;tqifh jynfolUvTwfawmf
- 4.11.2013 — jyifqifcsuf;twnfjyK jynfolUvTwfawmf
- 27.1.2014 — ukefpnf;vSnf;rI\aqG;aEG;tqifh trsdK;om;vTwfawmf
- 4.2.2014 — Oya'Murf;aumfwDtpDtpOfwifoGif; trsdK;om;vTwfawmf
- 27.2.2014 — Oya'Murf;jyefvnfaumfwDtpDtpOfwifoGif; jynfaxmifpkvTwfawmf
- 4.3.2014 — ukefpnf;vSnf;rI\aqG;aEG;tqifh jynfaxmifpkvTwfawmf
- 4.3.2014 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဖုန်းမြင့်အောင် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၃) |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ် (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂)

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၀) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၃၃)ခု ပါရှိသည်။

### သက်ဆိုင်သည့်အဖွဲ့အစည်း

နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်။

(က) ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့်ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က အဆိုပြုသည့်ကိုယ်စားလှယ်တစ်ဦးစီ

(ခ) သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများကသတ်မှတ်အချိုးအစားအလိုက်အဆိုပြုသည့်ကိုယ်စားလှယ်များ

(ဂ) လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အတတ်ပညာရှင်၊ အသိပညာရှင်များပါဝင်သည့်လူထုအဖွဲ့အစည်းများကရွေးချယ်သည့် ကိုယ်စားလှယ်များ -

စသည်တို့ဖြင့် ဖွဲ့စည်းရမည်။ ကောင်စီဝင်ဦးရေကို အနည်းဆုံး (၁၅) ဦးမှ အများဆုံး (၃၀) ဦး အထိ သတ်မှတ်ပေး ရမည်။ ကောင်စီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများကို ကောင်စီဝင်များထဲမှ အများဆန္ဒအရ ရွေးချယ် တင်မြှောက်ရမည်။ ရွေးချယ် တင်မြှောက်သည့် ကောင်စီဝင်များ၏ အမည်စာရင်းကို ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက် သမ္မတထံ တင်ပြရမည်။ ကောင်စီဝင်တစ်ဦး၏ သက်တမ်းတစ်ကြိမ်သည် ရွေးချယ်တင်မြှောက်ခံရသည့်နေ့မှစ၍ (၃) နှစ်ဖြစ်သည်။ ကောင်စီဝင်တစ်ဦးသည် သက်တမ်း(၂)ကြိမ်ထက်ပို၍တစ်ဆက်တည်း ဆောင်ရွက်ခွင့်မရှိပေ။ ကောင်စီဝင်များ၏ လုပ်ငန်းတာဝန်နှင့် နုတ်ထွက်ခြင်း ရပ်စဲခြင်းများကို အခန်း (၆)တွင် ပြဋ္ဌာန်းဖော်ပြထားသည်။ ကောင်စီသည် သတင်း မီဒီယာသမားတစ်ဦးက ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တိုင်ကြား ချက်ကိုလက်ခံရရှိပါက နစ်နာသူ၊ ဌာန၊ အဖွဲ့အစည်း စသူ တို့နှင့် သတင်းမီဒီယာသမားများကို တွေ့ဆုံညှိနှိုင်းဖြေရှင်း ခြင်းဆိုင်ရာ နည်းဥပဒေများ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ ကောင်စီဝင်များသည် တာဝန်ကိုထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည် ဟု မှတ်ယူရမည်။ ကောင်စီသည်

မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရေးအတွက် ရုံးအဖွဲ့ ဖွဲ့စည်း၍ အရာထမ်း နှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

ဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ရန်ပုံငွေနှင့်ထောက်ပံ့ရေး

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီမှုများ၊ သတင်းမီဒီယာ လုပ်ငန်းများ၏ ထည့်ဝင်ငွေများဖြင့် ရန်ပုံငွေတည်ထောင်ခွင့်ရှိသည်။

## ရည်ရွယ်ချက်များ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသား ထုတ်ဝေဖြန့်ချိ ခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များရရှိစေရန်နှင့် လိုက်နာရမည့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကိုဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲနိုင်ရန်၊ နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန် စသည်တို့ကို ရည်ရွယ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ သုံးစောင် ပြုစုတင်သွင်းခဲ့ရသည်ကို တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၈)ရက် ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၄)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၂)ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၈) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆)ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၆)ဦး ဝင်ရောက် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၃) ဦး၊ NNDP မှ (၂)ဦး၊ RNDP ၊ CPPနှင့် NDF တို့မှ (၁) ဦးစီတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော် အားကစားနှင့် ယဉ်ကျေးမှုကော်မတီကို ကိုယ်စားပြု၍ ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ဝင်ရောက်ဆွေးနွေးမှု ရှိခဲ့သည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည် လာရောက်ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးအုန်းတင် | ရခိုင် (၁၀) | RNDP | အမျိုးသားလွှတ်တော် |
| ၂ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၅) | NDF | အမျိုးသားလွှတ်တော် |
| ၃ | ဦးလှဆွေ | မကွေး (၁၂) | USDP | အမျိုးသားလွှတ်တော်/ ပြည်ထောင်စုလွှတ်တော် |
| ၄ | ဦးစောထွန်းမြအောင် | ကရင် (၅) | USDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးဇုန်လှယ်ထန်း | ချင်း (၂) | CPP | အမျိုးသားလွှတ်တော် |
| ၆ | ဦးဖုန်းမြင့်အောင် | ရန်ကုန် (၃) | NNDP | အမျိုးသားလွှတ်တော် |
| ၇ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NNDP | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စုလွှတ်တော် |
| ၈ | ဒေါက်တာအေးမြင့် | ရွှေတောင် | USDP | ပြည်သူ့လွှတ်တော် |

**မှတ်ချက်**

ဤဥပဒေကြမ်းသည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ရေးဆွဲပြုစုသည့် ဥပဒေကြမ်းဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ် တစ်ဦးမှ ကိုယ်စားပြုပြီး လွှတ်တော်သို့တင်သွင်းခြင်းဖြစ်သည်။

## 4.3.0/ tao;pm;aiGa,alu;a&;vkyfief;0ya'

- 23.8.2011 — 0ya'lurf;pwifwifoGif; t rsdK;om;vTwfawmf
- 23.8.2011 — 0ya'lurf;aumfwDpD;pDpfwifoGif; jynfolUvTwfawmf
- 29.8.2011 — twnfjyK jynfolUvTwfawmf
- 14.9.2011 — 0ya'lurf;aumfwDpD;pDpfwifoGif; t rsdK;om;vTwfawmf
- 26.9.2011 — ukd,fpm;vS,f rsm;\ aqG;aEG;csuf t rsdK;om;vTwfawmf
- 30.9.2011 — 0ya'lurf;aumfwDpD;pDpfjyefvnfwifoGif; t rsdK;om;vTwfawmf
- 30.9.2011 — jyifqifcsufjzifhtwnfjyK t rsdK;om;vTwfawmf
- 19.10.2011 — twnfjyK jynfolUvTwfawmf
- 25.11.2011 — or®wtwGufjzifh jyefvnfay; 0ya'lurf;jyifqifaumfwD tpD;pDpfwifoGif; jynfaxmifpkvTwfawmf
- 25.11.2011 — 0ya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

### ( ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃ )

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၅) ခန်းနှင့် ဥပဒေပုဒ်မပေါင်း ၆၈ ခု ပါဝင်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

နိုင်ငံတော်သမ္မတရုံးသည် ဒုတိယသမ္မတတစ်ဦး ဥက္ကဋ္ဌ အဖြစ်ပါဝင်သော သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကော်မတီသည် ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ရှိ လုပ်ငန်းကော်မတီများအား ပေါင်းစပ်ကူညီဖြည့်ဆည်းပေးရမည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ ကို ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာအသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးကအတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သင့်လျော်သော အစိုးရဌာနအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီကို ဖွဲ့စည်းရမည်။ ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ခြင်း၊ ချမှတ်ပေးခြင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ ဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊ အသေးစားငွေရေး ကြေးရေးလုပ်ငန်းများ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ခြင်း၊ လုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊ အနည်းဆုံး ထည့်ဝင်ရမည့် မတည်ငွေရင်း သတ်မှတ်ခြင်း၊ အပ်ငွေအပေါ် ပေးရမည့် အတိုးနှုန်း ထုတ်ချေးငွေအပေါ် ကောက်ခံရမည့် အတိုးနှုန်းနှင့် ဝန်ဆောင်ခနှုန်းများအား သတ်မှတ်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီသို့ အစီအရင်ခံတင်ပြခြင်းများ ပြုလုပ်ရမည်။

ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေး၊ ထပ်မံတိုးမြှင့်သည့် မတည်ငွေပမာဏအပေါ် ကောက်ခံသည့် လိုင်စင်ကြေးနှင့် နှစ်စဉ်လိုင်စင်ကြေးများ သတ်မှတ်ခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်

ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းအသုံးပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်သည်။

ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၊ ၎င်းအဖွဲ့အစည်း၏ အဖွဲ့ဝင်၊ အစုရှယ်ယာပိုင်ရှင်၊ စီမံခန့်ခွဲသူ၊ မန်နေဂျာနှင့် ဝန်ထမ်းများမှ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သတိပေးခြင်း၊ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်ပါဝင်သည့် အမိန့်များချမှတ်ခြင်း၊ ဒဏ်ကြေး ပေးဆောင်စေခြင်း၊ တာဝန်ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းရပ်စဲခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖျက်သိမ်းခြင်း စသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခံရသူသည် အမိန့်စာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီသို့ အယူခံခွင့် ရှိသည်။ အယူခံနေစဉ်ကာလအတွင်း ပြစ်ဒဏ်ပေးမှုကို ရပ်ဆိုင်းထားရမည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။ ကြီးကြပ်မှုကော်မတီသည် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများ အခြေအနေအရပ်ရပ်ကြောင့် ဆက်လက်လည်ပတ်ရန် မဖြစ်နိုင်ဟု ယူဆလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖျက်သိမ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုနိုင်သည်။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အမိန့်မချမှတ်မီ ကြီးကြပ်မှုကော်မတီ သို့မဟုတ် ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးရမည်။ စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား ခုခံချေပခွင့်ပြုရမည်။ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမျှ မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာမှ သိရှိလာသည့်သတင်းအချက်အလတ်များကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရပေ။ ယင်းသို့ပြုလုပ်ပါက ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီမှ မည်သည့်အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းမဆို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အခန်း ၅ တွင် ပြဋ္ဌာန်းထားသည်။ ကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် သက်ဆိုင်ရာ သတ်မှတ်ထားရှိသည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ စည်းမျဉ်းသို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။ ကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## ရည်ရွယ်ချက်

အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အသေးစား စီးပွားရေး လုပ်ငန်းအသစ်များ ပေါ်ထွက်လာစေရန်နှင့် ပြည်တွင်းပြည်ပမှ နည်းပညာများ ရယူဖြန့်ဖြူးပေးရန် တို့ဖြစ်သည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ပြီး အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်မရှိသဖြင့် အမျိုးသားလွှတ်တော်ပြင်ဆင် ချက် အတိုင်းအတည် ပြုခဲ့ကြောင်း တွေ့ရသည်။ အမျိုးသား လွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စု လွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုပြီးသော ဥပဒေကြမ်း ကို သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ရာ သမ္မတ၏သဘောထားမှတ်ချက်အပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၄) ရက် ဆွေးခဲ့သည်။ ပြည်သူ့ လွှတ်တော်တွင် (၁) ရက်၊ အမျိုးသားလွှတ်တော်တွင် (၂) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက် ဆွေးနွေး ခဲ့သည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးတည်းသာ ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဉာဏ်လင်း | ရှမ်း (၁) | USDP | အမျိုးသားလွှတ်တော် |

## 4.4.0/ ta&;ukd;Dkyfnf;Sdefqnif0ya'

- 6.3.2012 — 0ya'lurf;pwifwifoGif; jynfolUT&Tfawmf
- 6.3.2012 — 0ya'lurf;aumfwDpDpDpfpwifoGif; jynfolUT&Tfawmf
- 9.3.2012 — uGif;vSnf;\aqG;aEG;jcif; jynfolUT&Tfawmf
- 9.3.2012 — jyifqifcsuf;zifwnf;jyK jynfolUT&Tfawmf
- 21.3.2012 — 0ya'lurf;aumfwDpDpDpfpwifoGif; trsKd;om;vT&Tfawmf
- 23.3.2012 — jyifqifcsuf;zifwnf;jyK trsKd;om;vT&Tfawmf
- 25.4.2012 — twnfjyK jynfolUT&Tfawmf
- 17.7.2012 — or®wESifhcsuf;zifjyefay: 0ya'lurf;ay;ifaumfwD avhvmawG&Sdcsuf pDpDpfpwifoGif; jynfaxmifpkvT&Tfawmf
- 25.7.2012 — 0ya'tjzpftwnfjyK jynfaxmifpkvT&Tfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးခင်မောင်ဦး၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

### (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ )

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း ၅ ခန်းနှင့် ပုဒ်မပေါင်း ၁၂ ခု ပါရှိသည်။ ဤဥပဒေဖြင့် The Essential Supplies and Services Act, 1947 ကို ရုပ်သိမ်းလိုက်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကုန်စည်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းကုန်စည်နှင့် စပ်လျဉ်း၍ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ တိရစ္ဆာန်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းတိရစ္ဆာန်နှင့် စပ်လျဉ်း၍ သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ ခိုင်းစေမှု၊ မွေးမြူမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ ဝန်ဆောင်မှုတစ်မျိုးမျိုးကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တားမြစ်မိန့် စည်းမျဉ်းသတ်မှတ်မိန့် ကြီးကြပ်မိန့် ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုခုအား အပ်နှင်းနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအကြား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ကြီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုကို အရေးကြီးကုန်စည် သို့မဟုတ် အရေးကြီးဝန်ဆောင်မှုအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်၍ လိုအပ်သလို ဆောင်ရွက်ပြီးနောက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ခြင်းမရှိသည့်အခါ ယင်းအမိန့်ကို လျော်ကန်စွာ ပြန်လည်ပယ်ဖျက်ပေးရမည်။

ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ တာဝန်အပ်နှင်းခံရသည့်ဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေများနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

## ရည်ရွယ်ချက်

ကုန်စည်များနှင့် ဝန်ဆောင်မှုများကို အကာအကွယ်ပေးနိုင်ရန်၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ကန့်သတ်တားဆီးနိုင်ရန်၊ ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သော ကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်နိုင်သည့် ကုန်စည်နှင့် တိရစ္ဆာန်များအား ပြည်တွင်းသယ်ဆောင်မှု၊ ပြည်တွင်းသို့တင်သွင်းမှုနှင့် ပြည်ပသို့ တင်ပို့မှုတို့ကို တားဆီးနိုင်ရန် ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ပြင်ဆင်ချက်အဆို တင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။ အမျိုးသားလွှတ်တော်တွင် တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်း ခဲ့သည်ကိုတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၄) ရက် ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက်တို့ဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၃)ဦး ဆွေးနွေးခဲ့သည်။ ဆွေးနွေးသည့်လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၂)ဦး နှင့် SNDP မှ တစ်ဦးတို့ဖြစ်သည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးသန်းစိန် | ကြည့်မြင်တိုင် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်သူ့လွှတ်တော် |

## 4.5.0/ ypf;cif;EkdINvkdu0Oj cif;vkyfief;pOya'

- Oya'urf;pwifwifoGif; jynfolUvTwfawmf — 7.3.2013
- 7.3.2013 — Oya'urf;aumfwDpDppfH wifoGif; jynfolUvTwfawmf
- ukd;uf;vSKf;\aqG;aEG;G jynfolUvTwfawmf — 4.7.2013
- 4.7.2013 — twnfjyK jynfolUvTwfawmf
- Oya'urf;aumfwDpDppfH wifoGif; trsKd;om;vTwfawmf — 19.8.2013
- 23.8.2013 — ukd;uf;vSKf;\aqG;aEG;G trsKd;om;vTwfawmf
- Oya'urf;aumfwDpDppfHjyefvnfwifoGif; trsKd;om;vTwfawmf — 26.8.2013
- 26.8.2013 — jyifqifcsufjzifhtwnfjyK trsKd;om;vTwfawmf
- ukd;uf;vSKf;\aqG;aEG;G jynfolUvTwfawmf — 11.11.2013
- 13.1.2014 — Oya'urf;jyifqifaumfwDpDppfH wifoGif; jynfaxmifpkvTwfawmf
- ukd;uf;vSKf;\aqG;aEG;G jynfaxmifpkvTwfawmf — 21.1.2014
- 27.2.2014 — Oya'urf;jyifqifaumfwD tpDppfHjyefvnfwifoGif; jynfaxmifpkvTwfawmf
- Oya' tjzpftwnfjyK jynfaxmifpkvTwfawmf — 4.3.2014

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးအောင်ကြည် ၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြန်ကြားရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ မတ်လ (၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃)

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၈) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၂၆) ခု ပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာနဖြစ်ပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော သူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။ သတင်းအေဂျင်စီ ဖွင့်လှစ်ဆောင်ရွက်လိုသော ပြည်တွင်းခြေစိုက်အဖွဲ့၊ ပြည်ပ အခြေစိုက်အဖွဲ့၊ ကုမ္ပဏီ (သို့) အဖွဲ့အစည်းသည် မိမိလုပ်ငန်း ကို အသိအမှတ်ပြုရန်အတွက် ဝန်ကြီးဌာနသို့ လျှောက် ထားရမည်။ ဝန်ကြီးဌာနသည် လျှောက်ထားလာသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရရှိသူ သည် လက်မှတ်ရရှိရန်အတွက် မရိုးမဖြောင့်သော သဘော ဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထား ခဲ့ကြောင်း တွေ့ရှိရပါက ဝန်ကြီးဌာနသည် ယင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း (သို့) ကာလအကန့် အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ပြန်လည် စိစစ်သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လျှောက်ထားခွင့်ရှိသည်။ ဝန်ကြီးသည် လျှောက်ထားလွှာကို လက်ခံရရှိပါက ပြန်လည်စိစစ်သုံးသပ်ပြီး မူလဆုံး ဖြတ်ချက် ကို လက်ခံခြင်း (သို့) ပယ်ဖျက်ခြင်းပြုနိုင်သည်။ ထုတ်ဝေခြင်း လုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရရှိသူသည် ထုတ်ဝေစာ ကို ပြည်တွင်းသို့ တင်သွင်းလျှင်ဖြစ်စေ၊ ပြည်ပသို့တင်ပို့လျှင် ဖြစ်စေ၊ တင်သွင်းသော (သို့) တင်ပို့သော ထုတ်ဝေစာ နှင့် ပတ်သက်၍ ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက် စာရင်းကို သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည်။ ပြည်တွင်း တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်း ခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ် ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

## ပြစ်မှုနှင့်ပြစ်ဒဏ်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ (သို့) လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ရုပ်သိမ်းခြင်း (သို့) ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်း ခံရစဉ်အတွင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း (သို့) သတင်းအေဂျင်စီလုပ်ငန်း လုပ်ဆောင်ပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ် သိန်း (၂၀) မှ သိန်း (၅၀)အထိချ မှတ်နိုင်သည်။

ပုံနှိပ်သူ (သို့) ထုတ်ဝေသူသည်

(က) တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို သော်လည်းကောင်း၊ နိုင်ငံသား တိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေး တို့ကို သော်လည်းကောင်း၊ ထိခိုက်စေမည့် အကြောင်းအရာများ ကို ဖော်ပြခြင်း

(ဂ) ညစ်ညမ်းစာများကိုဖော်ပြခြင်း

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစား၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကိုအားပေးခြင်းနှင့် လှုံ့ဆော်ခြင်း

များပြုလုပ်ပါက ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ငွေဒဏ်ကျပ် သိန်း (၁၀)မှ ကျပ်သိန်း (၃၀)အထိ ချမှတ်နိုင်သည်။

## ကင်းလွတ်ခွင့်များ

(၁) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး (သို့) ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တို့နှင့် လက်အောက်အဆင့်အသီးသီးရှိ ဌာန၊အဖွဲ့အစည်းများက ဖြန့်ချိသောသတ်မှတ်ထုတ်ဝေစာများ

(၂) ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ဖြန့်ချိသောသတ်မှတ်ထုတ်ဝေစာများ

(၃) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ

(၄) လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်ရှိပြည်သူများသို့ ဖြန့်ချိသည့်သတ်မှတ်ထုတ်ဝေစာများ

(၅) ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့်သဘောတူညီချက်တစ်ရပ်ရပ်အရ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာ အဖွဲ့အစည်းများက မိမိတို့၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ

(၆) တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပရဟိတ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ

(၇) သာရေးနာရေးနှင့်ပတ်သက်သော ကြော်ငြာ၊ ဖိတ်စာ စသည့်သတ်မှတ်ထုတ်ဝေစာများ

အစရှိသည်တို့သည် ဤဥပဒေအခန်း (၃) ၊ အခန်း (၅) နှင့် အခန်း (၆) ပုဒ်မ (၁၈)ပါပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ကင်းလွတ်ခွင့်ရှိသည်။

## ရည်ရွယ်ချက်များ

ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် လုပ်ငန်းများကို တည်ငြိမ်ခိုင်မာစွာဆောင်ရွက်နိုင်ရန်၊ ပုံနှိပ်ခြင်း နှင့် ထုတ်ဝေခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင်လွတ်လပ်စွာ ထုတ်

ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ချိခွင့်တို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်းစဉ် ကတစ်ကြိမ်၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည် ရောက်ရှိလာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ ကြောင်းတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ဤဥပဒေကြမ်းနှင့် ပတ် သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၉) ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃) ရက်၊ ပြည်ထောင်စုလွှတ်တော်တွင် (၃) ရက် ဆွေးနွေး ခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် (၅)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၇)ဦး ဝင်ရောက် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စား လှယ်များမှာ USDP မှ (၇) ဦး၊ NNDP မှ (၂) ဦး၊ RNDP၊ NLD နှင့် NDF ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ဝင်ရောက်ဆွေးနွေး ခဲ့ကြသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုး တိုးတက်မှု ကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မတီတို့မှလည်း ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု အစိုးရအဖွဲ့မှ ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည် လာရောက်ဆွေးနွေး ရှင်းလင်းမှုရှိခဲ့သည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးအေးမြင့် | အင်းစိန် | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | NNDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးကျော်နိုင်ဌေး | အင်းတော် | USDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးဉာဏ်ဝင်း | လှိုင်သာယာ | USDP | ပြည်သူ့လွှတ်တော် |
| ၅ | သူရဦးအေးမြင့် | ဝက်လက် | USDP | ပြည်ထောင်စုလွှတ်တော် |
| ၆ | ဦးစောထွန်းမြအောင် | ကရင် (၅) | USDP | အမျိုးသားလွှတ်တော် |
| ၇ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော် |
| ၈ | ဦးခင်မောင်လတ် | ရခိုင် (၆) | RNDP | အမျိုးသားလွှတ်တော် |
| ၉ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၁၀ | ဦးလှဆွေ | မကွေး (၁၂) | USDP | အမျိုးသားလွှတ်တော် |
| ၁၁ | ဦးဖုန်းမြင့်အောင် | ရန်ကုန် (၃) | NNDP | အမျိုးသားလွှတ်တော် |
| ၁၂ | ဦးမင်းဦး | ပဲခူး (၇) | NLD | အမျိုးသားလွှတ်တော် |

## 4.6.0/ yifMcf;OD;ulyya'

- Oya'Murf;pwifwifoG;jcif; jyn;oluvTwfawmf — 8.3.2012
- 8.3.2012 — Oya'Murf;aumfwDpDppfjcif;wifoG;jcif; jyn;oluvTwfawmf
- uk;pm;vS,f;\ aqG;aEG;jcif; jyn;oluvTwfawmf — 13.3.2012
- 13.3.2012 — jyifqifcsufrsm;twnfjyKjcif; jyn;oluvTwfawmf
- Oya'Murf;aumfwDpDppfjcif;wifoG;jcif; trsKd;om;vTwfawmf — 23.4.2012
- 5.7.2012 — uk;pm;vS,f;\ aqG;aEG;jcif; trsKd;om;vTwfawmf
- Oya'Murf;aumfwDpDppfjcif;jyefvnfwifoG;jcif; trsKd;om;vTwfawmf — 13.7.2012
- 13.7.2012 — jyifqifcsufrsm;twnfjyKjcif; trsKd;om;vTwfawmf
- twnfjyK jyn;oluvTwfawmf — 27.7.2012
- 27.8.2012 — or®mwrSjyefydYay;onfh Oya'Murf;tay:aumfwD tpDppfjcif;wifoG;jcif; jynfaxmifpkvTwfawmf
- Oya'twnfjyK jynfaxmifpkvTwfawmf — 4.9.2012

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးခင်မောင်နိုင်၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၈)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၇)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇)

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၆) ခန်းနှင့် ပုဒ်မပေါင်း (၁၅) ခုပါရှိပါသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်၊ သွင်းကုန်များကို အမျိုးအမည်နှင့် အဆင့်အတန်းသတ်မှတ်ခြင်း၊ ကန့်သတ်ကုန်ပစ္စည်း၊ တားမြစ်ကုန်ပစ္စည်း၊ ပိတ်ပင်ကုန်ပစ္စည်းများ သတ်မှတ်ခြင်း၊ ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ခွင့်ပြုချက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများသတ်မှတ်ခြင်း သွင်းကုန်ဆိုင်ရာကိစ္စရပ်များအားလုံးအတွက် စသည်များကို ကြီးကြပ်ကိုင်တွယ် ဖြေရှင်းရသည့် အဖွဲ့အစည်းဖြစ်သည်။

ဤဥပဒေပါ အခန်း (၄) နှင့် အခန်း (၅) တို့တွင် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာတားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ဖော်ပြထားပြီး၊ အခန်း(၆)တွင် ယခင် ၁၉၄၇ ခုနှစ်က ပြဋ္ဌာန်းခဲ့သော The Control of Import and Export (Temporary) Act, 1947 ကို ဤဥပဒေဖြင့် ရုပ်သိမ်းခဲ့ပြီး အဆိုပါ The Control of Import and Export (Temporary) Act, 1947 အရထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်၍ ဆက်လက်ကျင့်သုံးပိုင်ခွင့် ရှိသည်ဟုဖော်ပြထားပါသည်။

ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

### ရည်ရွယ်ချက်

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ မူဝါဒများကို ချမှတ်နိုင်ရန်၊ နိုင်ငံတကာ ကုန်သွယ်မှုစံများနှင့်အညီ ဖြစ်စေရန်၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များကို ချောမွေ့လွယ်ကူ မြန်ဆန်စေရန် ဖြစ်သည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သောအခါ ဆွေးနွေးမည့်သူမရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ခြင်းကို တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်းအစီရင်ခံစာတစ်စောင် တင်သွင်း

ခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထား ကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ စုစုပေါင်းဆွေးနွေးရက်ပေါင်း (၆) ရက်ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် (၂)ရက်၊ အမျိုးသားလွှတ်တော်တွင် (၃)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

### ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး ဆွေးနွေးခဲ့သည်။ ဆွေးနွေးခဲ့ကြသည့်လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၃)ဦးနှင့် NDF မှ တစ်ဦး တို့ဖြစ်ကြောင်း တွေ့ရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း လာရောက် ရှင်းလင်းပြောကြားခဲ့သည်ကို တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးသန်းဦး | မြဝတီ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးကျော်နိုင်ဌေး | အင်းတော် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်မြောက်ပိုင်း | NDF | ပြည်သူ့လွှတ်တော် |
| ၄ | ဦးစံပြည့် | ကချင် (၇) | USDP | အမျိုးသားလွှတ်တော် |

## 4.7.0/ jrefrmEdkifiHrS;&iftBuf;0ya'

- Oya'Murf;pwiftwifoGif; jynfolUvTwfawmf — 22.8.2012
- 22.8.2012 — Oya'Murf;aumfrwDodkUvTJtyfjcif; jynfolUvTwfawmf
- ukd,fpm;vS,f½Hk;\ aqG;aEG;csuf jynfolUvTwfawmf — 30.8.2012
- 30.8.2012 — twnfjyK jynfolUvTwfawmf
- Oya'Murf;aumfrwDodkUvTJtyfjcif; trsdK;om;vTwfawmf — 9.11.2012
- 18.1.2013 — ukd,fpm;vS,f½Hk;\ aqG;aEG;csuf trsdK;om;vTwfawmf
- Oya'Murf;aumfrwDodkUjyefvnftwifoGif; trsdK;om;vTwfawmf — 24.1.2013
- 24.1.2013 — jyifqifcsufESifhtwnfjyK trsdK;om;vTwfawmf
- Oya'Murf;tay:aumfrwDodkUvTJtyfjcif; jynfaxmifpkvTwfawmf — 5.3.2013
- 1.4.2013 — or®w\jyifqifcsuftay: Oya'Murf;tay: aumfrwD\tpD&ifcHpmtwifoGif; jynfaxmifpkvTwfawmf
- or®w\jyifqifcsuftay:aqG;aEG;jcif; jynfaxmifpkvTwfawmf — 8.7.2013
- 8.7.2013 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးတင်မောင်ဦး၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်သူ့လွှတ်တော်<br>စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

**မိတ်ဆက်**

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈)**

၂၀၁၃ ခုနှစ် ဇူလိုင်လ (၂၉) ရက်နေ့တွင် သမ္မတ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။ အခန်းပေါင်း (၁၈) ခန်းနှင့် အပိုဒ်ပေါင်း (၄၅) ပိုဒ် ပါဝင်ပါသည်။

**ကိုင်တွယ်သည့်အဖွဲ့အစည်း**

ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ပါဝင်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရသည်။ ကော်မရှင်တွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်ရသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရပြီး၊ ကုန်ကျစရိတ်များ ကျခံပေးရသည်။ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ကော်မရှင်သည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လတစ်ကြိမ် အစီရင်ခံရမည်။ အစိုးရအဖွဲ့ကို အကြံပြုချက် ပေးနိုင်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

**ဥပဒေပါ ပြဋ္ဌာန်းချက်များ**

နိုင်ငံသား(များ)၏ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားနှင့် အစိုးရအကြား ဖက်စပ်ရင်းနှီးမြှုပ်နှံမှုတို့ကို ဤဥပဒေအရ ပြုလုပ်နိုင်သည်။ ရင်းနှီးမြှုပ်နှံလိုသူသည် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ အဆိုပြုချက် တင်သွင်းရသည်။

ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပသို့တင်ပို့ရောင်းချမှု၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ စက်ပစ္စည်းကိရိယာဝယ်ယူမှု၊ ကုန်ကြမ်းတင်သွင်းမှုအတွက် အခွန်ကင်းလွတ်ခွင့် သက်သာခွင့်များကို ဖော်ပြထားသည်။ "နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သော လုပ်ငန်းများအတွက်" လည်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရရှိနိုင်သည်။

ကော်မရှင်သည် ပြည်တွင်းပြည်ပ ဈေးငွေရရှိနိုင်စေရန် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို လုပ်ကိုင်နေကြောင်း အသိအမှတ် ပြုလွှာထုတ်ပေးနိုင်သည်။

အစိုးရက နိုင်ငံပိုင်သိမ်းဆည်းခြင်း၊ "အကြောင်းကိစ္စမရှိဘဲ" ရပ်ဆိုင်းခြင်း မပြုလုပ်ရန် အာမခံသည်။ နိုင်ငံခြားဈေးငွေ ပြန်ဆပ်ခွင့်ပြုရန် အာမခံသည်။

မြေငှားရမ်းအသုံးပြုခွင့်ကို ကနဦးနှစ်ငါးဆယ်အထိ ကော်မရှင်က ခွင့်ပြုပေးနိုင်ပြီး ခွင့်ပြုထားသော သက်တမ်း ကုန်ဆုံး ပြီးနောက် တစ်ဆက်တည်း (၁၀)နှစ် နှစ်ကြိမ် သက်တမ်းတိုးခွင့်ပြုနိုင်သည်။ ဆက်သွယ်သွားလာရေး ခက်ခဲသောဒေသများအတွက် မြေငှားရမ်းအသုံးပြုခွင့်ကာလ ကို ပိုမိုခွင့်ပြုနိုင်သည်။ ကော်မရှင်သည် မြေငှားရမ်းခနှုန်း ထားများကို အစိုးရအဖွဲ့၏ ကြိုတင် သဘောတူညီချက်ဖြင့် သတ်မှတ်ပေးနိုင်သည်။

## ပြစ်မှု - ပြစ်ဒဏ် သတ်မှတ်ချက်

ကော်မရှင်သည် သတိပေးခြင်းမှ နာမည်ပျက် စာရင်း သွင်းခြင်းအထိ စီမံခန့်ခွဲရေး ပြစ်ဒဏ်များ ချမှတ်နိုင်သည်။

အဆိုပြုလွှာများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သုံးသပ်ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သူကို နိုင်ငံ့ ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူမည်။

ရင်းနှီးမြှုပ်နှံသူက အစိုးရအဖွဲ့အစည်းများနှင့် ကော်မရှင် သို့တင်ပြရသော စာရွက်စာတမ်းများနှင့် ငွေရေးကြေးရေးတို့ တွင် မမှန်မကန် သို့မဟုတ် ထိမ်ချန် ဖော်ပြပါက "ပြစ်မှုကြောင်း အရ" အရေးယူမည်။

တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

## ရည်ရွယ်ချက်

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံလုပ်ငန်းများ ပေါ်ထွက် လာစေရန်ဖြစ်သည်ဟု ပါရှိသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ်၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်း ခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘော ထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပြီး ဥပဒေကြမ်းပူးပေါင်း ကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းပြီး အတည်ပြုခဲ့သည်ကို တွေ့ရသည်။ အတည်ပြု ပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ရာတွင် သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင်ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၉)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော် တွင် (၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၃)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၃)ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ဆွေးနွေး သည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၆)ဦး၊ RNDP၊ NDF နှင့် တပ်မတော်သားကိုယ်စားလှယ် (၂)ဦးစီ နှင့် NLD တစ်ဦး ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့ လွှတ်တော်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် စီးပွားရေး နှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ဆွေးနွေးခဲ့ကြကြောင်း တွေ့ရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦး လာရောက်ရှင်းလင်းပြောကြားသည် ကို တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကျော်နိုင်ဌေး | အင်းတော် | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါက်တာစိုးရင် | ကမာရွတ် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးခိုင်မောင်ရီ | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၄ | ဦးဝင်းထိန် | မိတ္ထီလာ | NLD | ပြည်သူ့လွှတ်တော် |
| ၅ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးကြည်သာ | ဝ | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဒေါ်ခင်စောဝေ | ရသေ့တောင် | RNDP | ပြည်သူ့လွှတ်တော် |
| ၈ | ဦးထွန်းအောင်ကျော် | ပုဏ္ဏားကျွန်း | RNDP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးစိုင်းသန်းနိုင် | ဖာပွန် | USDP | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးသိန်းလွင် | ချောက် | USDP | ပြည်သူ့လွှတ်တော် |
| ၁၁ | ဗိုလ်မှူးကြီးတင့်ဆန်း | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၁၂ | ဗိုလ်မှူးကြီးဇော်မိုး | တပ်မတော်သား | | အမျိုးသားလွှတ်တော် |
| ၁၃ | ဦးကြည်မြင့် | လသာ | NDF | ပြည်ထောင်စုလွှတ်တော် |

## 4.8.0/ Ekfjyifv&if;EIif;Oya'

Oya'urf;pwifwifoGif; trsdK;om;vTwfawmf — 27.1.2012

21.2.2012 — Oya'urf;aumfwDpDppfpdwfonf/ trsdK;om;vTwfawmf

ukd,fpm;vS,f;aqG;aEG;jcif; trsdK;om;vTwfawmf — 21.2.2012

6.3.2012 — Oya'urf;aumfwDpDppfpdwfoGif; trsdK;om;vTwfawmf

jyifqifcsufrsm;twnfjyK trsdK;om;vTwfawmf — 6.3.2012

12.3.2012 — Oya'urf;aumfwDpDppfpdwfoGif; jynfolUvTwfawmf

ukd,fpm;vS,f;aqG;aEG;jcif; jynfolUvTwfawmf — 16.3.2012

16.3.2012 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf

ay;ydkYonfOya'urf;udkjynfolUvTwfawmfuvufrS o0Pfvpf;oifUonf;udkjynfolUvTwfawmfoYkdY jyefvnfay;ydkY

ukd,fpm;vS,f;aqG;aEG;jcif; jynfolUvTwfawmf — 13.7.2012/18.7.2012/7.8.2012/13.8.2012/14.8.2012

14.8.2012 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf

ukd,fpm;vS,f;aqG;aEG;jcif; trsdK;om;vTwfawmf — 3.9.2012

5.9.2012 — jyifqifcsufrsm;twnfjyK trsdK;om;vTwfawmf

Oya'urf;jyefyifaumfwDpDppfpdwfoGif; jynfaxmifpkvTwfawmf — 7.9.2012

7.9.2012 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးတင်နိုင်သိန်း၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်

**( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ )**

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၂၀) ခန်းနှင့် ပုဒ်မပေါင်း (၅၇)ခု ပါဝင်သည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များ သင့်လျော်သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်စေလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းရမည်။ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်ရမည်။ ကော်မရှင်အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ကို ခံစားခွင့်ရှိသည်။

ကော်မရှင်သည် လုပ်ငန်း ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုလွှတ်တော်သို့ ၆ လတစ်ကြိမ် တင်ပြအစီရင်ခံရမည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလွယ်ကူစေရန်၊ အားပေးအထောက်အကူပြုရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြရမည်။ ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။ ကော်မရှင်သည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီနှင့် အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အစီရင်ခံ တင်ပြရမည်။ ကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို သုံးလတစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ရင်းနှီးမြှုပ်နှံမှု တန်ဖိုးပမာဏနှင့် လုပ်ငန်းသက်တမ်းတို့ကို သတ်မှတ်ခြင်းနှင့် ယင်းတို့ကို ပြောင်းလဲသတ်မှတ်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါက ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်သို့ ခွင့်ပြုမိန့်တောင်းခံရမည်။ ကော်မရှင်သည် စိစစ်မှုများ ပြုလုပ်ပြီး ၁၅ ရက်အတွင်း အဆိုပြုချက်ကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။ အဆိုပြုချက်ကို လက်ခံပါက အဆိုပြုချက်တင်သွင်းသူအား ခွင့်ပြုခြင်း သို့မဟုတ် ခွင့်မပြု

ခြင်းကို ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ပေးရမည်။ ကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်၊ ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးမြှုပ်နှံသူအား သတိပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊ ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ မည်သည့်ခွင့်ပြုမိန့်မျှ မဟုတ်သော နာမည်ပျက် စီးပွားရေးလုပ်ငန်း စာရင်း၌ ထည့်သွင်းခြင်း စသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ဖြစ်စေချမှတ်နိုင်သည်။

ဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ကြောင်း အထောက်အထားခိုင်လုံသည့် ကိစ္စ တစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် ဝန်ထမ်းတစ်ဦးဦး ကိုဖြစ်စေ တရားမကြောင်းဖြင့်လည်းကောင်း၊ ပြစ်မှုကြောင်း ဖြင်းသော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။ ဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီး ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် ကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ်များကို ကျခံခြင်း ပြုလုပ်ရမည်။

ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုရာတွင် အရေးကြီးသည့် ကိစ္စရပ်အဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်လာပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတဆင့် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရမည်။ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က အတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်ကွဲလွဲပါက အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါ အချက်များကို လိုက်နာရမည်။

ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။ ကော်မရှင်သည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## အာမခံချက်များ

ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းကို ပဋိညာဉ်စာချုပ်ပါသက်တမ်း သို့မဟုတ် ယင်းသက်တမ်းကို တိုးမြှင့်ပေးလျှင် ယင်းသို့တိုးမြှင့်ပေးသည့် သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်။ ကော်မရှင်၏ ခွင့်ပြုမိန့်အရ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုခုအား ခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ လုံလောက်သော အကြောင်းတစ်စုံတစ်ရာ မရှိဘဲ ရပ်ဆိုင်းခြင်း မပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။ ပဋိညာဉ်စာချုပ် သက်တမ်းကုန်ဆုံးလျှင် နိုင်ငံခြားမတည်ငွေရင်းဖြင့် ရင်းနှီးမြှုပ်နှံသူအား ယင်း၏ ရပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံရာ၌ ထည့်ဝင်ခဲ့သော နိုင်ငံခြားငွေ အမျိုးအစားဖြင့် ထုတ်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

## နိုင်ငံခြားငွေကြေးဆိုင်ရာ

ကော်မရှင်သည် နိုင်ငံခြားမတည်ငွေရင်းကို ဘဏ်က လက်ခံခွင့်ပြုဆောင်ရွက်ပေးသည့် နိုင်ငံခြားငွေကြေး အမျိုးအစားအတိုင်း ရင်းနှီးမြှုပ်နှံသူ၏ အမည်ဖြင့် မှတ်ပုံတင်ရမည်။ မှတ်ပုံတင်ရာတွင် နိုင်ငံခြားမတည့်ငွေရင်းအမျိုးအစားများကို ဖော်ပြရမည်။ လုပ်ငန်းကို ရပ်စဲလျှင် ကော်မရှင်က သတ်မှတ်သည့် ပြန်လည်ထုတ်ယူနိုင်သော နိုင်ငံခြားမတည်ငွေရင်းကို သတ်မှတ်သည့် အချိန်ကာလအတွင်း နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာသူက ပြန်လည်ထုတ်ယူနိုင်သည်။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်မှတဆင့် နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူရသင့်သည့် နိုင်ငံခြားငွေ၊ နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ကော်မရှင်ကခွင့်ပြုသော နိုင်ငံခြားငွေ၊ နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူရရှိသည့် နှစ်စဉ်အမြတ်ငွေမှ အခွန်အရပ်ရပ် နှင့် သက်ဆိုင်သည့် ရန်ပုံငွေများ နုတ်ပြီးနောက်

ကျန်ရှိသော အသားတင်အမြတ်ငွေ၊ နိုင်ငံခြားသားအမှုထမ်းများက နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသော လစာငွေနှင့် လုပ်ငန်းမှ တရားဝင်ရရှိငွေတို့မှ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကို ပေးဆောင်စေပြီး ၎င်းနှင့် ၎င်း၏ မိသားစုနေထိုင်စားသောက်မှု ကုန်ကျစရိတ်တို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း နုတ်ပယ်၍ တရားဝင်ကျန်ရှိငွေများကို နိုင်ငံခြားသို့ လွှဲပြောင်းခွင့်ရှိသည်။

ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုမှ တစ်ဆင့် နိုင်ငံခြားသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိသည်။ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်၍လုပ်ငန်းနှင့် သက်ဆိုင်သော ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်ရမည်။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်း တစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေစာရင်းကို လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

## ရည်ရွယ်ချက်

နိုင်ငံတော်၏ သယံဇာတများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ ဘဏ်နှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ အမျိုးသားလျှပ်စစ်နှင့်စွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ပို့ဆောင်ရေး လုပ်ငန်းများနှင့် နိုင်ငံတကာ စံနှုန်းနှင့်အညီ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်တို့ ဖြစ်ပါသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ (၃) စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ (၂) စောင် တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ရောက်ရှိလာသော ဥပဒေကြမ်းအား ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းပြီး အတည်ပြုခဲ့သည်ကို တွေ့ရသည်။ အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ သမ္မတ၏ မှတ်ချက်အပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကိုတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၁၄) ရက် ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၄) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၇) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၃) ရက် ဆွေးနွေးခဲ့သည်ကိုတွေ့ရသည်။

## ဆွေးနွေးမှု


ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၄၂) ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၂၇) ဦး၊ တပ်မတော်သားကိုယ်စားလှယ် (၄) ဦး၊ NDF နှင့် NLD တို့မှ (၃) ဦးစီ ၊ SNDP မှ (၂) ဦး၊ PNOP ၊ CPPနှင့် NNDP တို့မှ တစ်ဦးစီတို့ ဆွေးနွေးခဲ့သည်ကိုတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်တို့ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

## ဝင်ရောက်ရွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ရွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာခင်ရွှေ | ရန်ကုန် (၉) | USDP | အမျိုးသားလွှတ်တော်/ ပြည်ထောင်စု |
| ၂ | ဦးစောထွန်းမြအောင် | ကရင် (၅) | USDP | အမျိုးသားလွှတ်တော် |
| ၃ | ဦးစံပြည့် | ကချင် (၇) | USDP | အမျိုးသားလွှတ်တော် |
| ၄ | ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ | ရခိုင် (၇) | USDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးဇော်မြင့်ဖေ | မန္တလေး (၅) | USDP | အမျိုးသားလွှတ်တော်/ ပြည်ထောင်စု |
| ၆ | ဦးနေဝင်းထွန်း | ရှမ်း (၉) | PNOP | အမျိုးသားလွှတ်တော် |
| ၇ | ဦးဉာဏ်လင်း | ရှမ်း (၁) | USDP | အမျိုးသားလွှတ်တော် |
| ၈ | ဗိုလ်မှူးကြီးအောင်ကျော် | တပ်မတော်သား | | အမျိုးသားလွှတ်တော် |
| ၉ | ဗိုလ်မှူးကြီးသက်ထွန်းအောင် | တပ်မတော်သား | | အမျိုးသားလွှတ်တော် |
| ၁၀ | ဦးသိန်းရီ | ထန်းတပင် | USDP | ပြည်သူ့လွှတ်တော် |
| ၁၁ | ဦးသိန်းလွင် | ချောက် | USDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်သူ့လွှတ်တော် |
| ၁၃ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၁၄ | ဦးဉာဏ်ဆွေဝင်း | ကျောက်ကြီး | USDP | ပြည်သူ့လွှတ်တော် |
| ၁၅ | ဦးကြည်မြင့် | လသာ | NDF | ပြည်သူ့လွှတ်တော် |
| ၁၆ | ဦးခိုင်မောင်ရီ | အလုံ | NDF | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စု |
| ၁၇ | ဦးမောင်မောင်သိန်း | ခရမ်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၈ | ဒေါက်တာဝင်းမြင့် | လှိုင် | USDP | ပြည်သူ့လွှတ်တော် |
| ၁၉ | ဦးဝင်းဦး | ရေဖြူ | USDP | ပြည်သူ့လွှတ်တော် |
| ၂၀ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |
| ၂၁ | ဦးသိန်းညွှန့် | သဃ်န်းကျွန်း | NNDP | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စု |
| ၂၂ | ဦးစိုးသာ | တွံတေး | USDP | ပြည်သူ့လွှတ်တော် |
| ၂၃ | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ်မြောက်ပိုင်း | NDF | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စု |
| ၂၄ | ဦးအေးမြင့် | အင်းစိန် | USDP | ပြည်သူ့လွှတ်တော် |

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ရွေးကောက်ခံရသည့်လွှတ်တော် |
|---|---|---|---|---|
| ၂၅ | ဦးအောင်သိန်းလင်း | တောင်ဥက္ကလာ | USDP | ပြည်သူ့လွှတ်တော် |
| ၂၆ | ဦးကိုကိုလွင် | မော်လမြိုင်ကျွန်း | USDP | ပြည်သူ့လွှတ်တော် |
| ၂၇ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်သူ့လွှတ်တော် |
| ၂၈ | ဦးငွေမြင့် | မြိတ် | USDP | ပြည်သူ့လွှတ်တော် |
| ၂၉ | ဒေါ်စန္ဒာမင်း | ဇဗ္ဗူသီရိ | NLD | ပြည်သူ့လွှတ်တော် |
| ၃၀ | ဦးဝင်းထိန် | မိတ္ထီလာ | NLD | ပြည်သူ့လွှတ်တော်/ ပြည်ထောင်စု |
| ၃၁ | ဦးဝင်းမြင့် | မြင်းခြံ | USDP | ပြည်သူ့လွှတ်တော် |
| ၃၂ | ဦးကိုကြီး | အောင်မြေသာဇံ | USDP | ပြည်သူ့လွှတ်တော် |
| ၃၃ | ဦးကြည်သာ | ဝ | USDP | ပြည်သူ့လွှတ်တော် |
| ၃၄ | ဦးရဲထွဋ်တင် | ဖားဆောင်း | USDP | ပြည်သူ့လွှတ်တော် |
| ၃၅ | ဦးခင်မောင်ဦး | မုံရွာ | USDP | ပြည်သူ့လွှတ်တော် |
| ၃၆ | ဒေါက်တာစိုးရင် | ကမာရွတ် | USDP | ပြည်သူ့လွှတ်တော် |
| ၃၇ | ဦးသာဝင်း | ရန်ကင်း | USDP | ပြည်သူ့လွှတ်တော် |
| ၃၈ | ဗိုလ်မှူးကြီးမြင့်ကိုကို | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၃၉ | ဗိုလ်မှူးကြီးငွေနိုင် | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၄၀ | ဦးပေါ်လျံလွင် | ချင်း (၉) | CPP | ပြည်ထောင်စုလွှတ်တော် |
| ၄၁ | ဦးသိန်းဆွေ | အမ်း | USDP | ပြည်ထောင်စုလွှတ်တော် |
| ၄၂ | ဒေါက်တာမျိုးအောင် | ဒဂုံမြို့သစ်ဆိပ်ကမ်း | NLD | ပြည်ထောင်စုလွှတ်တော် |

## 4.9.0/ jrefmEdkifiHUyfnt rwfSifom;rsm; tufya' uHjifqifonfya'



| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးပွင့်ဆန်း၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စီးပွားရေး |

## မိတ်ဆက်
## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက် နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှု အဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထား ကွဲလွဲမှုမရှိသဖြင့် ပြည်ထောင် စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းခဲ့သည့် ဆွေးနွေးရက် (၂) ရက်သာ ရှိခဲ့သည်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍ

## 4.10.0/ ajrvGwfajrvyfESifh ajr&dkif;pDrHcefYcGJrI Oya'

- 19.10.2011 — Oya'Murf;wifoGif; trsKd;om;vTwfawmf
- 25.10.2011 — Oya'Murf;aumfwDtpD&ifcHpm wifoGif; trsKd;om;vTwfawmf
- 27.10.2011–1.11.2011 — udk,fpm;vS,frsm; \ aqG;aEG;csuf trsKd;om;vTwfawmf
- 1.11.2011 — Oya'Murf;aumfwDtpD&ifcHpm jyifqifcsuf wifoGif; trsKd;om;vTwfawmf
- 1.11.2011 — jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf
- 16.11.2011 — Oya'Murf;aumfwDtpD&ifcHpm wifoGif; jynfolYvTwfawmf
- 23.11.2011–24.11.2011–27.1.2012–30.1.2012 — udk,fpm;vS,frsm; \ aqG;aEG;csuf jynfolYvTwfawmf
- 30.1.2012 — jyifqifcsufrsm;twnfjyK jynfolYvTwfawmf
- 21.2.2012 — udk,fpm;vS,frsm; \ aqG;aEG;csuf trsKd;om;vTwfawmf
- 16.3.2012 — Oya'Murf;yl;aygif;aumfwDtpD&ifcHpm wifoGif; jynfaxmifpkvTwfawmf
- 19.3.2012 — udk,fpm;vS,frsm; \ aqG;aEG;csuf jynfaxmifpkvTwfawmf
- 19.3.2012 — Oya'twnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၃၀)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စိုက်ပျိုးရေးနှင့် မွေးမြူရေး |

## မိတ်ဆက်

### (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀)

၂၀၁၂ ခုနှစ်၊ မတ်လ (၃၀) ရက် နေ့တွင် သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း (၃၄) ခုပါရှိပါသည်

### ကိုင်တွယ်သည့်အဖွဲ့အစည်း

နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဗဟိုကော်မတီသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုနိုင်သည်။

နိုင်ငံတော်အတွင်းရှိမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ရရှိလိုပါက

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ(၃၄) နှင့်အညီ ကင်းလွတ်ခွင့် ပြုထားသူများ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူ ကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရခွင့်ပြုထားသောရင်းနှီးမြှုပ်နှံသူများသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားနိုင်သည်။

ဗဟိုကော်မတီသည် လုပ်ငန်းလျှောက်ထားသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်။ ဗဟိုကော်မတီသည် လုပ်ငန်းလျှောက်ထားသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ဗဟိုကော်မတီသည် နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက်

လိုအပ်သော အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

ဗဟိုကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းများကို ထိရောက် မှန်ကန်စွာ အသုံးချ စီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း သို့မဟုတ် ယင်းသို့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း ပြုသည့်အခါ အာမခံကြေးပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်။ဗဟိုကော်မတီသည် လုပ်ငန်းဆောင်ရွက်မှု များနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခြောက်လ တစ်ကြိမ်တင်ပြရမည်။ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန် လိုအပ်ပါက နိုင်ငံတော်သမ္မတထံသို့ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းစဉ်က တစ်ကြိမ် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ သုံးစောင် တင်သွင်းခဲ့ကြောင်းကို တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ လွှတ်တော် နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရာ ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ စုစုပေါင်းဆွေးနွေးရက် (၁၂) ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၅) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၅) ရက် နှင့် ပြည်ထောင်စု လွှတ်တော်တွင် (၂) ရက် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၃၁) ဦး ဆွေးနွေးခဲ့သည်။ ဆွေးနွေးသည့်လွှတ်တော်ကိုယ်စားလှယ်များမှာ USDP (၂၄)ဦး၊ SNDP (၃)ဦး၊ PSDP၊ NUP၊ UDP နှင့် RNDP တို့မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်မှ ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ လည်းဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး နှစ်ဦးတို့ ရှင်းလင်းပြောကြားကြောင်း တွေ့ခဲ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးရှုမောင် | ရှမ်း (၈) | USDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးသန်းဆွေ | တနင်္သာရီ (၂) | USDP | အမျိုးသားလွှတ်တော် |
| ၃ | ဦးသိန်းဝင်း | စစ်ကိုင်း (၉) | USDP | အမျိုးသားလွှတ်တော် |
| ၄ | ဦးစောအောင်ကျော်နိုင် | ကရင် (၁) | PSDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးဝင်းဦး | ရေဖြူ | USDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးဌေးမြင့် | မြိတ် | USDP | ပြည်သူ့လွှတ်တော် |
| ၈ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးပြည့်မောင် | မတ္တရာ | USDP | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးစိုင်းသီဟကျော် | မိုင်းရယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၁၁ | ဦးဌေးဦး | ဟသ်ာတ | USDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးတင်ထွဋ် | ဇလွန် | USDP | ပြည်သူ့လွှတ်တော် |
| ၁၃ | လွှတ်တော်ကိုယ်စားလှယ်တစ်ဦး | | | ပြည်သူ့လွှတ်တော် |
| ၁၄ | ဦးမင်းဆွေ | ဒိုက်ဦး | USDP | ပြည်သူ့လွှတ်တော် |
| ၁၅ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်သူ့လွှတ်တော် |
| ၁၆ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၇ | ဦးတင်မောင်ဦး | ရွှေပြည်သာ | USDP | ပြည်သူ့လွှတ်တော် |
| ၁၈ | ဦးယောဒိဒွေ့ | ပူတာအို | USDP | ပြည်သူ့လွှတ်တော် |
| ၁၉ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်သူ့လွှတ်တော် |
| ၂၀ | ဦးသောင်း | မော်လိုက် | NUP | ပြည်သူ့လွှတ်တော် |
| ၂၁ | ဦးဖေသန်း | မြေပုံ | RNDP | ပြည်သူ့လွှတ်တော် |
| ၂၂ | ဦးဝင်းမြင့် | လှိုင် | USDP | ပြည်သူ့လွှတ်တော် |
| ၂၃ | ဦးသိန်းဆွေ | အမ်း | USDP | ပြည်သူ့လွှတ်တော် |
| ၂၄ | ဦးသန်းမြင့် | ဆားလင်းကြီး | USDP | ပြည်သူ့လွှတ်တော် |
| ၂၅ | ဦးစိုးရယ် | ဒီမောဆို | USDP | ပြည်သူ့လွှတ်တော် |
| ၂၆ | ဦးကျော်နိုင်ဌေး | အင်းတော် | USDP | ပြည်သူ့လွှတ်တော် |
| ၂၇ | ဦးအောင်မြသန်း | ညောင်တုန်း | USDP | ပြည်သူ့လွှတ်တော် |
| ၂၈ | ဒေါက်တာခင်မောင်ဆွေ | ကျောက်တံတား | USDP | ပြည်သူ့လွှတ်တော် |
| ၂၉ | ဦးသိန်းထွန်း | ကျောင်းကုန်း | USDP | ပြည်သူ့လွှတ်တော် |
| ၃၀ | ဦးသိန်းထွန်းဦး | အမရပူရ | USDP | ပြည်ထောင်စုလွှတ်တော် |
| ၃၁ | ဒေါ်ဒွဲဘူ | အင်ဂျန်းယန် | UDP | ပြည်ထောင်စုလွှတ်တော် |

## 4.11.0/ v,f;majrOya'

- 30.8.2011 — Oya'lurf;pwifwifoGif; jynfolUvTwfawmf
- 7.9.2011 — Oya'lurf;aumfwDpDpfpyfcsufwifoGif; jynfolUvTwfawmf
- 19.9.2011-20.9.2011 — ukef;vSsmf;rsm;\aqG;aEG; jynfolUvTwfawmf
- 20.9.2011 — jyifqifcsufjzifhtwnfjyK jynfolUvTwfawmf
- 6.10.2011 — Oya'lurf;aumfwDpDpfpyfcsufwifoGif; trsdK;om;vTwfawmf
- 14.11.2011 — ukef;vSsmf;rsm;\aqG;aEG; trsdK;om;vTwfawmf
- 16.11.2011 — Oya'lurf;aumfwDpDpfpyfcsufjyefvnfwifoGif; trsdK;om;vTwfawmf
- 16.11.2011 — jyifqifcsufjzifhtwnfjyK trsdK;om;vTwfawmf
- 24.11.2011 — jyifqifcsufjyefvnfjyifqifcsufrsm;tay:aqG;aEG; jynfolUvTwfawmf
- 16.3.2012 — Oya'lurf;ay:ifaumfwDpDpfpyfcsufwifoGif; jynfaxmifpkvTwfawmf
- 19.3.2011 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဌေးဦး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဟသ္ာတ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၃၀)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စိုက်ပျိုးရေးနှင့် မွေးမြူရေး |

## မိတ်ဆက်

### (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁)

၂၀၁၂ ခုနှစ်၊ မတ်လ (၃၀) ရက် နေ့တွင် သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၃) ခန်းနှင့် ပုဒ်မပေါင်း (၄၃) ခုပါရှိပါသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်း ပြည်ထောင်စုအစိုးရအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အကြီးအမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုလယ်ယာ မြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်။ ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပေးရမည်။ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်မြေကို အခြား နည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာ စီမံကိန်း အကောင် အထည်ဖော်မည့် ဝန်ကြီးဌာနသည် ဗဟိုလယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ဗဟို လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေကို အခြား နည်းဖြင့် အသုံးပြုနိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက် ဖြင့် ခွင့်ပြုနိုင်သည်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှ တစ်ပါး လယ်ယာမြေ ကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ် ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့် နေ့ရက်မှ ၆ လအတွင်း လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင် အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ အတွင်း လုပ်ငန်းပြီးစီးခြင်း မရှိလျှင်သော် လည်းကောင်း ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေ ကို ပြန်လည်သိမ်းယူနိုင်သည်။

ဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင် ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဗဟိုလယ်ယာမြေ

စီမံခန့်ခွဲမှုအဖွဲ့နှင့် ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့စဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့ခြင်းကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင်ကို တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ စုစုပေါင်း ဆွေးနွေးရက် (၈) ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၄) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃) ရက် နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂၁)ဦး ဝင်ရောက်ဆွေးနွေးသည်ကို တွေ့ရသည်။ ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၁၁)ဦး၊ SNDP မှ (၇)ဦး၊ RNDP၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်နှင့် တပ်မတော်သားကိုယ်စားလှယ် တစ်ဦးစီတို့ ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတစ်ဦးတို့ လာရောက်ရှင်းလင်းပြောကြားသွားကြောင်း တွေ့ရသည်။

### rSwfcsuf

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့စွဲဖြင့် အစီရင်ခံစာ တင်ရာတွင် ဤဥပဒေ (မူကြမ်း)သည် မြေယာမူဝါဒရေးရာနှင့် နေရာအသုံးချရေးကိစ္စရပ်များ အကျုံးဝင်ဆက်စပ်နေခြင်း၊ ပြည်သူ့အများနှင့်လည်း တိုက်ရိုက် သက်ဆိုင်ဆက်စပ်နေခြင်း၊ ဝန်ကြီးဌာနတစ်ခုတည်း၏ သဘောထားအမြင်ဖြင့်လည်း ရေးဆွဲ၍ မပြည့်စုံနိုင်ခြင်း၊ လက်တွေ့ အကောင်အထည်ဖော်နိုင်မည့်အခြေအနေ ရှိ/မရှိကိုလည်း စိစစ်ရန်လိုအပ်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပြည့်စုံအောင် ဟာကွက်မရှိအောင် အချိန်ယူရေးဆွဲသင့်သည့် ဥပဒေမျိုးဖြစ်ခြင်း၊ လယ်ယာမြေနှင့်စပ်လျဉ်း၍ ဆက်စပ်လျှက်ရှိသော ဥပဒေ (၁၅)ခုခန့် ရှိသဖြင့် ယင်းဥပဒေများမှ ပေါ်ပေါက်လာမည့် ဥပဒေကိစ္စရပ်များ လယ်ယာမြေစီမံခန့်ခွဲရေးကိစ္စရပ်များ ရှိနေကြောင်း သုံးသပ်ရရှိသဖြင့် ဤဥပဒေ (မူကြမ်း)ကို အစိုးရအဖွဲ့မှ မူဝါဒများချမှတ်ခြင်း၊ အချက်အလက်များ ပြည့်စုံစွာရယူခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ ပြန်လည်ရေးဆွဲသင့်သော ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ကော်မတီ၏ အစီရင်ခံစာပေါ်အခြေခံ၍ ဤဥပဒေမူကြမ်းကို အစိုးရအဖွဲ့မှ မူဝါဒများချမှတ်ခြင်း၊ အချက်အလက်များရယူခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှဖြစ်စေ ပြန်လည်ရေးဆွဲရန် ပေးပို့မည်ဖြစ်ကြောင်းနှင့် ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ခိုင်မာပြည့်စုံစေရန် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၈) ဦး ဥပဒေကြမ်းအား ဆွေးနွေးပြီး ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်၌ ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းကာ ဥပဒေကြမ်းအား အတည်ပြုခဲ့ပါသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးတင်မောင်ဦး | ရွှေပြည်သာ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးငွေဦး | ဟသ်ာတ | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးစိုင်းဘိုးအောင် | မူဆယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးစိုင်းသီဟကျော် | မိုင်းရယ် | SNDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးဇော်ထွန်း | လပွတ္တာ | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးစိုင်းမောင်တင် | လဲချား | SNDP | ပြည်သို့လွှတ်တော် |
| ၈ | ဦးအောင်သိန်း | ရွှာင် | Invididual | ပြည်သူ့လွှတ်တော် |
| ၉ | ဗိုလ်မှူးကောင်းထက်စံ | တပ်မတော်သား | | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးစိုင်းကျော်မြင့် | မိုးနဲ | SNDP | ပြည်သူ့လွှတ်တော် |
| ၁၁ | ဒေါ်နန်းဝါန | ကွန်ဟိန်း | SNDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးသိန်းရီ | ထန်းတပင် | USDP | ပြည်သူ့လွှတ်တော် |
| ၁၃ | ဦးသိန်းထွန်း | ကျောင်းကုန်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၄ | ဦးအုန်းတင် | ရခိုင် (၁၀) | RNDP | အမျိုးသားလွှတ်တော် |
| ၁၅ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၁၆ | ဦးရဲမြင့် | ပဲခူး (၄) | USDP | အမျိုးသားလွှတ်တော် |
| ၁၇ | ဦးခင်မောင်ငွေ | မန္တလေး (၁၀) | USDP | အမျိုးသားလွှတ်တော် |
| ၁၈ | ဦးညီညီထွန်း | မွန် (၁၁) | USDP | အမျိုးသားလွှတ်တော် |
| ၁၉ | ဦးဆွေအောင် | ရန်ကုန် (၁၂) | USDP | အမျိုးသားလွှတ်တော် |
| ၂၀ | ဦးသိန်းလှိုင် | စစ်ကိုင်း (၈) | USDP | အမျိုးသားလွှတ်တော် |
| ၂၁ | ဦးစိုင်းသန့်ဇင် | ရှမ်း (၄) | SNDP | အမျိုးသားလွှတ်တော် |

## 4.12.0/ awmifbl,f;rsm; tcGifha&;umuG,fa&;ESifhu@qdkif&m Oya'

- Oya'urf;pwifwifoGif; jyn;olUvTwfawmf — 25.6.2013
- 9.7.2013 — Oya'urf;aumfwDpDppfcsufwifoGif; jyn;olUvTwfawmf
- ukd,fpm;vS,frsm;\aqG;aEG; jyn;olUvTwfawmf — 7.8.2013
- 7.8.2013 — jyifqifcsufrsm;twnfjyK jyn;olUvTwfawmf
- Oya'urf;aumfwDpDppfcsufwifoGif; trsKd;om;vTwfawmf — 21.8.2013
- 23.8.2013 — ukd,fpm;vS,frsm;\aqG;aEG; trsKd;om;vTwfawmf
- Oya'urf;aumfwDpDppfcsufjyefvnfwifoGif; trsKd;om;vTwfawmf — 26.8.2013
- 26.8.2013 — jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf
- twnfjyK jyn;olUvTwfawmf — 28.8.2013
- 3.10.2013 — or®womcsufjyefydkUay; Oya'urf;jyefvnfaumfwD avhvmawGU&SdcsufpppfcsufwifoGif; jynfaxmifpkvTwfawmf
- Oya'tjzpftwnfjyK jynfaxmifpkvTwfawmf — 3.10.2013

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးနိုင်၊ ဥက္ကဋ္ဌ |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၈)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စိုက်ပျိုးရေးနှင့်မွေးမြူရေး |

## မိတ်ဆက်

### (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂)

၂၀၁၃ ခုနှစ် အောက်တိုဘာလ( ၈) ရက်နေ့တွင် သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်း (၈) ခန်း၊ အပိုဒ်ပေါင်း (၂၉) ပိုဒ် ပါဝင်သည်။

## ရည်ရွယ်ချက်

တောင်သူလယ်သမားများကို သင့်တင့်သော ချေးငွေနှင့် အကူအညီပေးနိုင်ရန်၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကို အကာကွယ်ပေးရန်နှင့် အကျိုးစီးပွားကို မြှင့်တင်ပေးရန်ဟု ဖော်ပြပါရှိပါသည်။

| ဦးဆောင်အဖွဲ့ |
|---|
| လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး |
| မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီး |
| စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီး |
| ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများ |
| တောင်သူလယ်သမားများကို ကိုယ်စားပြုသည့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ |

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ဦးဆောင်အဖွဲ့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး၊စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး တို့ကိုဦးဆောင်စေပြီး ဖွဲ့စည်းရမည်။ ပြည်ထောင်စုဝန်ကြီးဌာနများမှကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်ရမည်။

ဦးဆောင်ကော်မတီသည် လိုအပ်ပါက လုပ်ငန်းကော်မတီ၊လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနိုင်သည်။

လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ဦးဆောင်အဖွဲ့က ဖွဲ့စည်းနိုင်သည်။

### ဥပဒေပါ ပြဋ္ဌာန်းချက်များ

ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအသင်းအဖွဲ့များ သို့မဟုတ် ဖွဲ့စည်းခွင့်အတွက် ညှိနှိုင်းဆောင်ရွက်ပေးမည်။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ပြည်ထောင်စု ရန်ပုံငွေဘောင်အတွင်းမှ နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေး ငွေများပေးနိုင်ရန် ပြည်ထောင်စု အစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ခွင့်ပြုချက်ရယူဆောင်ရွက်မည်။

ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် သဘာဝ ဘေးအန္တရာယ်နှင့် ပိုးမွှားရောဂါကြောင့်

ပျက်ဆီးဆုံးရှုံးမှုများကို သက်သာစေရန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမည်။

လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် တောင်သူ လယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်ရန် လိုအပ်ပါက လယ်ယာထွက်ကုန်များကို တင်ဒါစနစ်အပါအဝင် အခြား သင့်တော်သည့် နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ရမည်။

## ပြစ်မှု - ပြစ်ဒဏ် သတ်မှတ်ချက်

ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့တို့ကို ဖြတ် တောက်ခြင်း၊ အလွဲသုံးစားခြင်းပြုပါက ရာဇသတ်ကြီးအရ အလွဲသုံးစားပြုမှုအဖြစ် မှတ်ယူရမည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း ကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းကာ အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသော အခါ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘော ထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ် တမ်းတင် အတည်ပြုခဲ့သည်။ အတည်ပြုပြီးသော ဥပဒေ ကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထား မှတ် ချက်ဖြင့် ပြန်လည်ပေးပို့ရာတွင် သမ္မတမှတ်ချက်အပေါ် ဥပဒေကြမ်း ကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက်(၆)ရက် ရှိခဲ့သည်။ ပြည်သူ့လွှတ်တော် တွင် (၂) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် တစ်ရက် ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂၁) ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၁၀)ဦး၊ NLD မှ (၃)ဦး၊ RNDP နှင့် SNDP မှ (၂)ဦးစီ၊ NUP၊ AMRDP ၊ NDF နှင့် CPP တို့မှ တစ်ဦးစီတို့ ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ဝင်ရောက်ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှစ်ဦး၊ မွေးမြူရေး နှင့်ရေလုပ် ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦး နှင့် မြန်မာ နိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဌ တစ်ဦးတို့ လာရောက်ရှင်းလင်း ပြောကြားသည်ကို တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးအောင်သန့် | ပုသိမ်ကြီး | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးမောင်မောင်စိုး | သာကေတ | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးမောင်ဦး | ဖောင်းပြင် | NUP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးဖေသန်း | မြေပုံ | RNDP | ပြည်သူ့လွှတ်တော် |
| ၅ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | NLD | ပြည်သူ့လွှတ်တော် |
| ၆ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၇ | ဦးသိန်းရီ | ထန်းတပင် | USDP | ပြည်သူ့လွှတ်တော် |
| ၈ | ဦးမြင့်ဦး | သနပ်ပင် | NLD | ပြည်သူ့လွှတ်တော် |
| ၉ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးမင်းဆွေ | ဒိုက်ဦး | USDP | ပြည်သူ့လွှတ်တော် |
| ၁၁ | ဦးဇော်ထွန်း | လပွတ္တာ | USDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးလှဆွေ | မကွေး (၁၂) | USDP | အမျိုးသားလွှတ်တော် |
| ၁၃ | ဒေါက်တာဗညားအောင်မိုး | မွန် (၇) | AMRDP | အမျိုးသားလွှတ်တော် |
| ၁၄ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော် |
| ၁၅ | ဦးမန်းကံညွန့် | ကရင် (၂) | USDP | အမျိုးသားလွှတ်တော် |
| ၁၆ | ဦးစောထွန်းအောင် | ကရင် (၅) | USDP | အမျိုးသားလွှတ်တော် |
| ၁၇ | ဦးခင်မောင်လတ် | ရခိုင် (၆) | RNDP | အမျိုးသားလွှတ်တော် |
| ၁၈ | ဦးစိုင်းသန့်ဇင် | ရှမ်း (၄) | SNDP | အမျိုးသားလွှတ်တော် |
| ၁၉ | ဦးကျွန်ခဲန်း | ချင်း (၁) | CPP | အမျိုးသားလွှတ်တော် |
| ၂၀ | ဒေါက်တာမြင့်နိုင် | စစ်ကိုင်း (၃) | NLD | အမျိုးသားလွှတ်တော် |
| ၂၁ | ဦးမှတ်ကြီး | မန္တလေး (၉) | USDP | အမျိုးသားလွှတ်တော် |

## 4.13.0/ awmifbl,frm;tcGifhta&;ukuG,fa&;Oya'ukdjyifqifonfhOya'

23.9.2014 — Oya'urf;pwifwifoGif; jynfolUvTwfawmf

24.9.2014 — Oya'urf;aumfwDpDppfcsufwifoGif; jynfolUvTwfawmf

2.10.2014 — twnfjyK jynfolUvTwfawmf

15.10.2014 — Oya'urf;aumfwDpDppfcsufwifoGif; trsdK;om;vTwfawmf

21.10.2014 — twnfjyK trsdK;om;vTwfawmf

12.11.2014 — or®wxHrSjyifqifcsuf/ Oya'urf;ay;ifaumfwDrS awmif;qdkcsufpDppfwifoGif; jynfaxmifpkvTwfawmf

12.11.2014 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးနိုင်၊ ဥက္ကဋ္ဌ |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊<br>မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | စိုက်ပျိုးရေးနှင့်မွေးမြူရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇)

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။

### အစားထိုးပြင်ဆင်ခြင်း

တောင်သူလယ်သမားကာကွယ်ရေး နှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ ကို ဖွဲ့စည်းသည့် အခန်း(၃) ဥပဒေပုဒ်မ(၄)အားပြင်ဆင်ခြင်း

ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့သည် သက် ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များမှပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားများအားကိုယ်စား ပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သောအခြားအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းရမည်ဟု အစားထိုး ထားသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် တစ်ကြိမ်စီဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း အစီရင်ခံစာ တစ်စောင်စီ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိ သဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ခြင်းကို တွေ့ရသည်။ အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာရာတွင် သမ္မတမှတ်ချက်အ ပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင် စုစုပေါင်း ဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် တစ်ရက်စီ ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးတစ်ဦး လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

# စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော ကဏ္ဍ

## 4.14.0/ ywfeful ifxdkif;ompf,a&;0ya'

- 18.10.2011 — 0ya'urf;pwiftwifoGif; trsdK;om;vTwfawmf
- 25.10.2011 — 0ya'urf;aumfwDpDppfwifoGif; trsdK;om;vTwfawmf
- 25.10.2011 — ukd,fpm;vS,fawmf;\ aqG;aEG; trsdK;om;vTwfawmf
- 27.10.2011 — 0ya'urf;aumfwDpDppfwifoGif; trsdK;om;vTwfawmf
- 27.10.2011 — twnfjyK trsdK;om;vTwfawmf
- 31.10.2011 — 0ya'urf;aumfwDpDppfwifoGif; trsdK;om;vTwfawmf
- 21.11.2011 — ukd,fpm;vS,fawmf;\ aqG;aEG; jynfolUvTwfawmf
- 21.11.2011 — jyifqifrIrsm;twnfjyK jynfolUvTwfawmf
- 15.2.2012 — ukd,fpm;vS,fawmf;\ aqG;aEG; trsdK;om;vTwfawmf
- 29.2.2012 — 0ya'urf;aumfwDpDppfwifoGif; trsdK;om;vTwfawmf
- 16.3.2012 — 0ya'urf;jyifqifaumfwDpDppfwifoGif; jynfaxmifpkvTwfawmf
- 19.3.2012 — 0ya' tjzpftwnfjyK trsdK;om;vTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဝင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ မတ်လ (၃၀)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော |

## မိတ်ဆက်

### (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉)

၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက် နေ့တွင် သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၄) ခန်းနှင့် ပုဒ်မပေါင်း (၄၂) ခုပါရှိပါသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။ အဖွဲ့ကိုဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ကော်မတီသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး မည်သည့်နေရာတွင်မဆို ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း (သို့မဟုတ်) ထိုသို့ပေါ်ပေါက်နိုင်ကြောင်း ထုတ်ပြန်ကြေငြာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ခြင်း တင်ပြနိုင်သည်။ ကော်မတီ၊ ဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ ဦးစီးဌာနတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်၏ ဘဏ္ဍာရေး ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ငွေစာရင်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်ကို ထားရှိရမည်။ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေကြော်ငြာချက်အရ တစ်စုံတစ်ရာ ဆောင်ရွက်ရခြင်းကြောင်း အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုန်ကျစရိတ်ကျခံခဲ့ရလျှင် ယင်းကုန်ကျစရိတ်များကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေမှ တောင်းခံခွင့်ရှိသည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏ သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်နိုင်သည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို အချိန်ကာလနှင့် နေရာဒေသအလိုက် ဖြည့်စွက်ပြင်ဆင် သတ်မှတ်နိုင်သည်။ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူ

ညီချက်ဖြင့် အစိုးရဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုအား နိုင်ငံတော်နှင့် ပြည်သူ့အကျိုးဌာ ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရ ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်သည်။

ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## တားမြစ်ချက်များ

မည်သူမျှ ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့်လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

မည်သူမျှ ဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ပြည်တွင်းသို့ တင်သွင်း ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း မပြုရ။

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

မည်သူမဆို ဤဥပဒေအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကို ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို -

(က) ပုဒ်မ ၃၂ အရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးစေရန် အမိန့်ချမှတ်ခြင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ခြင်းခံရလျှင် ပေးလျော်ရမည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်ပါက တည်ဆဲ အခွန်အခ ဥပဒေများနှင့်အညီ ကောက်ခံရမည်။

မည်သူမဆို ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အတွက် ဝန်ကြီးဌာနက တားမြစ်ထားသော ပစ္စည်းတစ်ခုခု အား ဝန်ကြီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ပြည်တွင်းသို့ တင်သွင်းကြောင်း၊ ပြည်ပသို့ တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ သိုလှောင်ကြောင်း၊ သယ်ယူကြောင်း သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့အပြင် ယင်းပစ္စည်းအား ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသော အဆင့်အထိ ပြုပြင်ပြောင်းလဲစွန့်ပစ်ရန်အတွက် ကုန်ကျသောစရိတ်ကို ထိုသူကကျခံစေရမည်။

## ရည်ရွယ်ချက်

မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကောင်းမွန်ပြီး သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်ရန်၊ ဂေဟစနစ်များကို ပြန်လည်ဖော်ထုတ်ရန်၊ သဘာဝသယံဇာတ အရင်းအမြစ်များ လျှော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရေးပေးရေးနှင့် ပညာသင်ကြားရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် တို့ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းစဉ်က တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ်

ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ သုံးစောင် ပြုစုတင်သွင်းခဲ့ရသည်ကို တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ဤဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ အစီရင်ခံစာ တစ်စောင် ပြုစုတင်သွင်းခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၈)ရက် ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၄)ရက်၊ ပြည်သူ့လွှတ်တော်တွင် (၃)ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆) ဦးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၂) ဦး ဝင်ရောက် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီနှင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးခဲ့ကြောင်းတွေ့ရသည်။ ဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များ မှာ USDP မှ (၁၂)ဦး၊ NDF မှ (၃)ဦး၊ SNDP၊ NLD၊ CNP တို့မှ တစ်ဦးစီတို့ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း လာရောက်ရှင်းလင်း ပြောကြားသွားသည်ကို တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာတင်ရွှေ | ရန်ကုန် (၆) | NDF | အမျိုးသားလွှတ်တော် |
| ၂ | ဦးစတီဗင်သာဘိတ် | ချင်း (၄) | CNP | အမျိုးသားလွှတ်တော် |
| ၃ | ဒေါက်တာမြင့်ကြည် | ရန်ကုန် (၈) | USDP | အမျိုးသားလွှတ်တော် |
| ၄ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၅ | ဦးစိုးမြင့် | မကွေး(၆) | USDP | အမျိုးသားလွှတ်တော် |
| ၆ | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန် (၄) | NLD | အမျိုးသားလွှတ်တော် |
| ၇ | ဦးဌေးမြင့် | မြိတ် | USDP | ပြည်သူ့လွှတ်တော် |
| ၈ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးသိန်းလွင် | ချောက် | USDP | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးခိုင်မောင်ရည် | အလုံ | NDF | ပြည်သူ့လွှတ်တော် |
| ၁၁ | ဦးသိန်းဆွေ | အမ်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၂ | ဦးဌေးဦး | ဟသ်ာတ | USDP | ပြည်သူ့လွှတ်တော် |
| ၁၃ | ဦးစိုးသာ | တွံတေး | USDP | ပြည်သူ့လွှတ်တော် |
| ၁၄ | ဦးသောင်း | ကျောက်ဆည် | USDP | ပြည်သူ့လွှတ်တော် |
| ၁၅ | ဦးအောင်ကျော်ခင် | ကျောက်တန်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၆ | ဦးခင်မောင်ဝင်း | လမ်းမတော် | NDF | ပြည်သူ့လွှတ်တော် |
| ၁၇ | ဦးဝင်းသန်း | သာပေါင်း | USDP | ပြည်သူ့လွှတ်တော် |
| ၁၈ | ဦးကျော်နိုင်ဌေး | အင်းတော် | USDP | ပြည်သူ့လွှတ်တော် |

## 4.15.0/ ajrordfowåvdG;fsm;) tufya'uåfordonfya'

| | | |
|---|---|---|
| Oya'ulrf;pwifwifoGif; trsdK;om;vTwfawmf | 7.8.2012 | |
| | 14.8.2012 | Oya'ulrf;aumfwDpDppfwifoGif; trsdK;om;vTwfawmf |
| uefYuGufcsuf\aqG;aEG; trsdK;om;vTwfawmf | 14.8.2012 | |
| | 14.8.2012 | twnfjyK trsdK;om;vTwfawmf |
| Oya'ulrf;aumfwDpDppfwifoGif; jynfolvTwfawmf | 3.9.2012 | |
| | 18.10.2012 | twnfjyK jynfolvTwfawmf |
| Oya'tjzpftwnfjyK jynfaxmifpkvTwfawmf | 2.11.2012 | |

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်ထဲရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဩဂုတ် (၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက် |
| အမျိုးအစား | ရုပ်သိမ်းသည့်ဥပဒေကြမ်း |
| ကဏ္ဍ | စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တော |

**မိတ်ဆက်**

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉)**

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်း (၁) ခန်းနှင့် ပုဒ်မပေါင်း (၂) ခုပါရှိပါသည်။ ဤဥပဒေဖြင့် ၁၈၈၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော The Land Acquisition (Mines) Act, 1885 ကို ရုပ်သိမ်းလိုက်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဥပဒေကြမ်းကော်မတီ အစီရင် ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းကိုလည်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးတည်းသာ ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးအောင်ချိုဦး | ပဲခူး (၁၁) | USDP | အမျိုးသားလွှတ်တော် |

## 4.16.0/ jrefrmEkdifiHkawmfusif;Oya'uanmif;jyifqifoHkya'

3.6.2014 — Oya'lurf;pwifwifoGif; jynfolUvTwfawmf

3.6.2014 — Oya'lurf;aumfwDpDppfNyifwifoGif; jynfolUvTwfawmf

17.6.2014 — uefYuGufcsufrsm;vSwf;\aqG;aEG; jynfolUvTwfawmf

17.6.2014 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf

1.7.2014 — Oya'lurf;aumfwDpDppfNyifwifoGif; trsKd;om;vTwfawmf

7.7.2014 — jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf

21.7.2014 — twnfjyK jynfolUvTwfawmf

30.7.2014 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးသန်းထွန်းအောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | သတ္တုတွင်းဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖွန်လ (၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောဌာန |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုဥပဒေအမှတ် ၃၄)

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### ဦးဆောင်အဖွဲ့

သတ္တုတွင်းဝန်ကြီးဌာနသည် လုပ်ငန်းတစ်ခုခုမှ ဦးဆောင်ညွှန်ကြားရေးမှူး (သို့) ညွှန်ကြားရေးမှူးချုပ် တစ်ဦးကို ပုလဲဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများ ပါဝင်စေလျက် အဖွဲ့ဝင်အနည်းဆုံး (၇) ဦးမှ အများဆုံး (၁၁) ဦးဖြင့် တန်ဖိုးဖြတ်အဖွဲ့ကို ဖွဲ့စည်းရမည်။ တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ တန်ဖိုးဖြတ်အဖွဲ့သည် ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့်အရွယ်အစားတို့ကို မှတ်ပုံတင်ခြင်း၊ တန်ဖိုးဖြတ်ခြင်းတို့ ပြုလုပ်ရမည်။ တန်ဖိုးဖြတ်အဖွဲ့သည် ဝန်ကြီးဌာနမှ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ တန်ဖိုးဖြတ်အဖွဲ့မှ သတ်မှတ်ပေးသည့် ပုလဲတန်ဖိုးအပေါ် ကျေနပ်မှုမရှိပါက တန်ဖိုးပြင်ဆင်သတ်မှတ်ပေးရန် အတွက် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။ ဝန်ကြီးဌာနသည် လျှောက်ထားချက်အပေါ်တွင် ပစ္စည်းတန်ဖိုးများကို ပြင်ဆင်သတ်မှတ်နိုင်ခြင်း (သို့) တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်အတိုင်း အတည်ပြုခြင်း စသည်တို့ ပြုလုပ်နိုင်သည်။ အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ် အဖွဲ့ဝင်များသည် သတ္တုတွင်းဝန်ကြီးဌာနမှ သတ်မှတ်သည့် ချီးမြှင့်ငွေကိုခံစားနိုင်သည်။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ စည်းမျဉ်း နှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာန၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့ သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

### ပြင်ဆင်ချက်များ (ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ)

ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ငွေဒဏ် နှင့် ထောင်ဒဏ်များကိုလည်း ပြင်ဆင်ပြောင်းလည်း အစားထိုးထားသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း

ကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ရာတွင် ဆွေးနွေးချက်အဆို တင်သွင်းမည့်သူမရှိသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း ပြည်သူ့လွှတ်တော်တွင် အတည်ပြုခဲ့သည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၃)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂)ရက်၊ အမျိုးသားလွှတ်တော်တွင် တစ်ရက် ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် ဥပဒေကြမ်း ကော်မတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် တစ်ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သတ္တုတွင်းဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်လာရောက် ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးမောင်တိုး | မင်းလှ | USDP | ပြည်သူ့လွှတ်တော် |

## 4.17.0/ vSifpDoya'

11.11.2013 — Oya'ljurf;pwifwifoGif; jynfolUvTwfawmf

27.1.2014 — Oya'ljurf;aumfwDpDppfjyifwifoGif; jynfolUvTwfawmf

7.2.2014 — ukefpf;vSifrsm;\ aqG;aEG;jcif; jynfolUvTwfawmf

4.6.2014 — twnfjyK jynfolUvTwfawmf

22.7.2014 — Oya'ljurf;aumfwDpDppfjyifwifoGif; trsdK;om;vTwfawmf

29.7.2014 — jyifqifcsufrsm;jzifh twnfjyK trsdK;om;vTwfawmf

1.10.2014 — Oya'ljurf;jyefvnfaumfwDpDppfjyif jynfaxmifpkvTwfawmf

15.10.2014 — oabmxm;uGJvGJcsufrsm;ESifh Oya'ljurf;jyefvnfaumfwD avhvmawG&Sdcsuf pDppfjyifwifoGif; jynfaxmifpkvTwfawmf

20.10.2014 — oabmxm;uGJvGJcsufrsm;ESifh aqG;aEG;jcif; jynfaxmifpkvTwfawmf

20.10.2014 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးသိန်းလွင်၊ အတွင်းရေးမှူး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောဌာန |

## မိတ်ဆက်

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄)

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၆) နှင့် ပုဒ်မပေါင်း (၇၄) ခုပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေပြီး သက်ဆိုင်ရာပညာရှင်များ ပါဝင်သည့် လျှပ်စစ်ဆိုင်ရာကြီးကြပ်မှု ကော်မရှင်ကို ဖွဲ့စည်းရမည်။ ကော်မရှင် ဥက္ကဋ္ဌကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရမည်။ ကော်မရှင်တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၅)ဦး သို့မဟုတ် (၇)ဦးဖြင့် ဖွဲ့စည်းရမည်။ ကော်မရှင် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။ ကော်မရှင်သည် လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လတစ်ကြိမ် တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ ကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပေးသော ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အခန်း (၃) တွင် ပြဋ္ဌာန်းဖော်ပြထားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖွဲ့များသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သော အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ သို့မဟုတ် သက်ဆိုင်ရာက ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ ထိုသူအားဒဏ်ကြေးပေးဆောင်စေခြင်း၊ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

ပြည်ထောင်စုမှ စီမံခန့်ခွဲခွင့်ရှိသော အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး စူးစမ်းရှာဖွေခြင်းစသော လုပ်ငန်းများကို ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းဆိုင်ရာ ခွင့်ပြုမိန့် ထုတ်ပေးခြင်း ပြုလုပ်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် မိမိဒေသအတွင်း ပြည်ထောင်စု

မှ စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့် ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်ပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

ဤဥပဒေပါ ပြဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း နှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ နှင့်ပတ်သက်သော တားမြစ်ချက်များကို အခန်း (၁၂) တွင်ပြဌာန်းဖော်ပြထားပြီး တားမြစ်ချက်များနှင့် ပတ်သက်သော အရေးယူမှုများနှင့် ပြစ်ဒဏ်များကို အခန်း (၁၃)တွင်ဖော်ပြထားသည်။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ဖော်ပြထားသည်။

## ရည်ရွယ်ချက်

လျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်၊ အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းများအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ကျယ်လာစေရန်တို့ ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၇) ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃) ရက်၊ အမျိုးသားလွှတ်တော်တွင် တစ်ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၃) ရက် ဆွေးနွေးခဲ့ခြင်းကို တွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ လျှပ်စစ်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီး တစ်ဦး လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကြည်သာ | ဝ | USDP | ပြည်သူ့လွှတ်တော် |

## စက်မှုလက်မှု ကဏ္ဍ

### 4.18.0/ "mwkpöf;E\Sifhjcm;qufpyfpöf;rsm; tEå, fS m;qD uGif&;Oya'

- Oya'urf;pwifwifoGif; jynfolU vTwfawmf — 6.2.2013
- 6.2.2013 — Oya'ur fau mfwDpDppfjyD;wifoGif; jynfolU vTwfawmf
- ukd,fpm;vS,frsm;\ aqG;aEG; jynfolU vTwfawmf — 27.2.2013
- 27.2.2013 — twnfjyK jynfolU vTwfawmf
- Oya'ur fau mfwDpDppfjyD;wifoGif; trsKd;om;vTwfawmf — 9.7.2013
- 18.7.2013 — jyifqifcsufjzifh twnfjyK trsKd;om;vTwfawmf
- twnfjyK jynfolU vTwfawmf — 12.8.2013
- 15.8.2013 — Oya't jzpf twnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးသိန်းအောင်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | စက်မှုဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၆)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | စက်မှုလက်မှု |

## မိတ်ဆက်

### ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ )

၂၀၁၃ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ဥပဒေတွင် အခန်း (၁၇) ခန်းနှင့် အပိုဒ် (၄၇) ပိုဒ် ပါဝင်သည်။

### ရည်ရွယ်ချက်

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်ဖြစ်သည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းသည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ အဖြစ်ပါဝင်သည်။ မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများ (မြို့တော်ဝန်များ)နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများက အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ကျွမ်းကျင်ပညာရှင် တစ်ဦးကို တွဲဖက်အတွင်းရေးမှူး (၁)၊ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ် ဦးစီးဌာ ညွှန်ကြားရေးမှူးချုပ်ကို တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် ထည့်သွင်းဖွဲ့စည်းသည်။ ဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရပြီး၊ ကုန်ကျစရိတ် ကျခံပေးရသည်။

စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဗဟိုဦးစီးအဖွဲ့တွင် အတွင်းရေးမှူး အဖြစ် ပါဝင်ပြီး ဗဟိုကြီးကြပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပါဝင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဗဟိုဦးစီးအဖွဲ့က ဖွဲ့စည်းရသည်။ ကျွမ်းကျင်ပညာရှင်များ ထည့်သွင်းဖွဲ့စည်းနိုင်သည်။

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်အထိ ကြီးကြပ်ရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

ကြီးကြပ်ရေးအဖွဲ့များသည် ဓာတုဗေဒ ကျွမ်းကျင်သူ တစ်ဦး အနည်းဆုံး ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ စစ်ဆေးရေးအဖွဲ့များသည် ခြောက်လ တစ်ကြိမ်ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းတို့ကို ပြုလုပ်နိုင်ကာ ကြီးကြပ်ရေးအဖွဲ့ကို အစီရင်ခံစာ တင်ပြရမည်။ နယ်စပ်ကုန်သွယ်မှုစခန်းများ၊ ဆိပ်ကမ်းများနှင့် အခြားလိုအပ်သော နေရာများတွင် လည်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းနိုင်သည်။

စက်မှုဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်ပြီး ဝန်ကြီးဌာန၊ ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေး အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

## ဥပဒေပါ ပြဋ္ဌာန်းချက်များ

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး မူဝါဒများကို ဗဟိုဦးစီးအဖွဲ့က ချမှတ်ပြီး၊ စည်းမျဉ်းစည်းကမ်းများကို ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သည်။ မြန်မာနိုင်ငံတွင် အသုံးပြုနိုင်သော အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ စာရင်းကို ဗဟိုဦးစီးအဖွဲ့က ထုတ်ပြန်ပေးရမည်။ လိုင်စင်သက်တမ်း၊ မှတ်ပုံတင်လက်မှတ် သက်တမ်း၊ လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လျှောက်ထားသူတို့၏ အရည်အချင်းများနှင့် စည်းကမ်းချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးရသည်။

ဓာတုပစ္စည်းနှင့် ဆက်စက်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်လိုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ ဗဟိုကြီးကြပ်ရေးအဖွဲ့ထံသို့ လိုင်စင်လျှောက်ထားရမည်။

လုပ်ငန်းနှင့် သက်ဆိုင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဗဟိုကြီးကြပ်ရေးအဖွဲ့ထံ တင်ပြမှတ်ပုံတင်ရမည်။ လိုင်စင်ခ၊ မှတ်ပုံတင်ခ၊ ဓာတ်ခွဲခန်းစစ်ဆေးခ စသည်တို့ကို စက်မှုဝန်ကြီးဌာနက သတ်မှတ်သည်။

## ပြစ်မှု- ပြစ်ဒဏ် ပြဋ္ဌာန်းချက်များ

လုပ်ငန်းယာယီရပ်ဆိုင်းခြင်း၊ ဒဏ်ကြေးပေးဆောင်စေခြင်း၊ လိုင်စင်နှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း စသည့် စီမံခန့်ခွဲရေးပြစ်ဒဏ်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်နိုင်သည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဗဟိုဦးစီးအဖွဲ့ထံ ရက်ပေါင်း (၆၀) အတွင်း အယူခံဝင်နိုင်သည်။

တားမြစ်ပိတ်ပင်ထားသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ပြည်ပမှ ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ လိုင်စင်မရှိပဲ လုပ်ငန်းလုပ်ကိုင်ခြင်း၊ မှတ်ပုံတင်မထားသော ဓာတုပစ္စည်းများ အသုံးပြုခြင်းအတွက် ထောင်ဒဏ်ငွေဒဏ်များ ချမှတ်နိုင်သည်။

## ဖြတ်သန်းမှု အဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ ပြင်ဆင်ချက်အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသဖြင့် ဆွေးနွေးခြင်းမရှိခဲ့ပေ။ အမျိုးသားလွှတ်တော်၌ တစ်ကြိမ် တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထား ကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၃) ရက် ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၂) ရက်နှင့် အမျိုးသားလွှတ်တော်တွင် တစ်ရက် တို့ဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၂)ဦးဝင်ရောက်ဆွေးနွေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးလုံးမှာ USDP မှ ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦး လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာအောင်သန်း | ရွှေဘို | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဦးဉာဏ်ဝင်း | လှိုင်သာယာ | USDP | ပြည်သူ့လွှတ်တော် |

## 4.19.0/ pu©jb;ESifh;owfSifiq;bm0ya'

- 3.10.2013 — 0ya'lurf;pwifwifoG; jynfolUvTwfawmf
- 3.10.2013 — 0ya'lurf;aumfwDodkUvTJtyfwifoG; jynfolUvTwfawmf
- 17.2.2014 — uGsrf;usifolrsm;\aqG;aEG; jynfolUvTwfawmf
- 17.2.2014 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf
- 17.3.2014 — 0ya'lurf;aumfwDodkUvTJtyfwifoG; trsKd;om;vTwfawmf
- 24.3.2014 — jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf
- 2.6.2014 — 0ya'lurf;jyifqifaumfwDodkUvTJtyfwifoG; jynfaxmifpkvTwfawmf
- 25.6.2014 — oabmwlnDcsufrsm;yg0ifaom 0ya'lurf;jyifqifaumfwD aemufqHk;tpD&ifcHpmwifoG; jynfaxmifpkvTwfawmf
- 2.7.2014 — 0ya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဒေါက်တာဘရှေ၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ခုနှစ်၊ ဇူလိုင်လ (၃)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | စက်မှုလက်မှု |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈)

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့၌ သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်း ပေါင်း (၁၁) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၃၃) ခုပါရှိသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားစံချိန်စံညွှန်းကောင်စီကို အဖွဲ့ဝင် (၁၀) ထက်မပိုသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ရမည်။ ကောင်စီကို အစိုးရအဖွဲ့ကတာဝန်ပေးသော ပြည်ထောင်စုဝန်ကြီးတစ်ဦးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ပေးသော ဦးစီးဌာန၏ ညွှန်ကြားရေးမှူးသည် အတွင်းရေးမှူးအဖြစ် လည်းကောင်း ဖွဲ့စည်းရမည် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌ နှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။ ကောင်စီကို လိုအပ်သလိုပြင်ဆင် ဖွဲ့စည်းနိုင်သည်။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို အခန်း (၃)တွင် ပြဋ္ဌာန်းဖော်ပြထားသည်။

ကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခြား သင့်လျော်သည့် ပညာရှင်တစ်ဦးဦးဖြစ်စေ၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာ ပညာရှင်များနှင့် ဥပဒေပညာရှင်များက အဖွဲ့ဝင်များအဖြစ် ပါဝင်၍ စံချိန်စံညွှန်း လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်ပြီး လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။ ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အခန်း (၄) တွင်ပြဋ္ဌာန်းဖော်ပြထားသည်။

စံချိန်စံညွှန်းဆိုင်ရာအသိအမှတ်ပြုလွှာ အရည်အသွေးထောက်ခံချက်ထုတ်ပေးခွင့်ရရှိသော ပြည်တွင်း၊ ပြည်ပလုပ်ငန်းများ သည်လည်းကောင်း၊ ၄င်းလုပ်ငန်းများနှင့် ဆက်နွယ်သည့် လုပ်ငန်းများတွင် လုပ်ကိုင်လိုသော သူများသည် အသိအမှတ် ပြုလွှာရရှိရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနသည် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတဆင့် ကောင်စီသို့တင်ပြရမည်။ ကောင်စီသည် ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို စိစစ်၍ အသိ

အမှတ်ပြုလွှာ ထုတ်ပေးရန် သို့မဟုတ် ငြင်းဆန်ရန်ဆုံးဖြတ်ပြီး ကော်မတီမှတဆင့် ဦးစီးဌာနသို့ ကြောင်းကြားရမည်။ ဦးစီးဌာနသည် ကောင်စီ၏ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်လိုပါကလည်း ၎င်း အဆင့်အတိုင်းပင် ဆောင်ရွက်ရမည်။

စံချိန်စံညွှန်းဆိုင်ရာ အရည်အသွေး ထောက်ခံချက်ရရှိလိုသူ လုပ်ငန်းရှင်သည် ဦးစီးဌာန၏ အသိအမှတ်ပြုလွှာရရှိသောဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည်။ အသိအမှတ်ပြုလွှာ ရရှိသောဌာန၊ အဖွဲ့အစည်းသည် သတ်မှတ်ချက်နှင့်အညီ စစ်ဆေး၍ ထုတ်ကုန် အရည်အသွေး ထောက်ခံချက်၊ ထုတ်လုပ်မှုနည်းစဉ် အရည်အသွေး ထောက်ခံချက်နှင့် ဝန်ဆောင်မှု အရည်အသွေး ထောက်ခံချက်များ ထုတ်ပေးခွင့်ရှိသည်။ အရည်အသွေး ထောက်ခံချက်ရရှိသူသည် သက်ဆိုင်ရာ ထောက်ခံချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီမှ အရေးယူရမည်။ ကော်မတီ၏အရေးယူမှုကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်အရေးယူသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။ ကောင်စီသည် ကော်မတီ၏ အရေးယူဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်ပြီး ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

ဝန်ကြီးဌာနသည် ကောင်စီဝင်များနှင့် ကောင်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်၊ ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ကော်မတီနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

ပြစ်မှုနှင့် ပြစ်ဒဏ်များကို အခန်း (၉) တွင်ပြဌာန်းထားသည်။ ပြစ်မှုများကို ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့ သို့ တင်ပို့ခြင်းမပြုဘဲ မည့်သို့ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြခြင်းဟု မှတ်ယူကာသက်ဆိုင်ရာ တရားရုံးမှ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

## ရည်ရွယ်ချက်

မြန်မာနိုင်ငံ စံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်၊ ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးမြင့်မားစေရန်၊ သွင်းကုန်နှင့် ထုတ်ကုန်များ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းကြောင်းနှင့် စားသုံးသူနှင့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် ထုတ်ကုန်များ၊ ထုတ်လုပ်မှု နည်းစဉ်များ ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ကို အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် သဘာဝရင်းမြစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ ကုန်သွယ်မှု ဒေသများထူထောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအတားအဆီးများ လျှော့ချနိုင်ရန် မြန်မာ့အမျိုးသားဖွံ့ဖြိုးတိုးတက်မှု အစီအအစဉ်နှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းများကို အသုံးပြု၍ တိုင်းပြည်၏ နည်းပညာလွှဲပြောင်းပေးမှုနှင့် နည်းပညာတီထွင်မှုတို့ လွယ်ကူချောမွေ့စေရန်တို့ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာစဉ်က တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့ခြင်းကိုတွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်း ခဲ့ခြင်းကိုတွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်

ပြုပြီးသော ဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်းကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၆)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင်(၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက်၊ နှင့် ပြည်ထောင်စုလွှတ်တော်တွင်(၂)ရက် ဆွေးနွေးခဲ့သည်ကိုတွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းတွင် လွှတ်တော်ကိုယ်စားလှယ်(၆)ဦး ဝင်ရောက်ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဝင်ရောက်ဆွေးနွေးခဲ့ခြင်းကိုလည်း တွေ့ရသည်။ ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၃)ဦး၊ RNDP ၊ SNDPနှင့် NDF တို့မှ တစ်ဦးစီ တို့ဖြစ်ကြသည်။


ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒေါက်တာကိုကိုဦး လာရောက် ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးကြည်သာ | ဝွ | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါက်တာဒေါ်အေးမြင့် | ရွှေတောင် | USDP | ပြည်သူ့လွှတ်တော် |
| ၃ | ဦးဘရှိန် | ကျောက်ဖြူ | RNDP | ပြည်သူ့လွှတ်တော် |
| ၄ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်သူ့လွှတ်တော် |
| ၅ | ဒေါ်တင်နွယ်ဦး | မြောက်ဒဂုံ | NDF | ပြည်သူ့လွှတ်တော် |
| ၆ | ဦးစိုးပိုင် | ဝန်းသို | USDP | ပြည်သူ့လွှတ်တော် |

# ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ကဏ္ဍ

## 4.20.0/ bufjyKqkif&;Oya'



| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဟန်စိန် ၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး |

## မိတ်ဆက်

## (၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- ၃)

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်တွင် သမ္မတ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၅) ခန်း နှင့် ဥပဒေပုဒ်မပေါင်း (၅၉)ခု ပါရှိသည်။

## ကိုင်တွယ်မည့်အဖွဲ့အစည်း

ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအတွက် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်းတာဝန်ပေးအပ်ရမည်။ ဗဟိုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။ ဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အခန်း(၄)တွင် ပြဋ္ဌာန်းဖော်ပြထားသည်။

ဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခ၊ မှတ်ပုံတင် သက်တမ်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ အာမခံအထောက်အထားနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။ ပို့ဆောင်ရေးဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။ ဗဟိုအဖွဲ့သည် အဖွဲ့၏ အဖွဲ့ဝင် ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သောပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်၍

သက်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများအား စစ်ဆေးနိုင်သည်။ ဗဟိုအဖွဲ့သည် အဖွဲ့၏ လုပ်ငန်းများအတွက် နိုင်ငံ၀န်ထမ်းခန့်ထားခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။ ဗဟိုအဖွဲ့သည် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကိုလည်း ဆောင်ရွက်ရမည်။ ဗဟိုအဖွဲ့သည် ဤဥပဒေနှင့် ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ခုခုကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးငှါ အဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရယူခြင်းမှာဖြစ်စေ၊ မှတ်ပုံတင်ခ (သို့မဟုတ်)အခြား အခကြေးငွေပေးသွင်းရခြင်းမှာဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## ပြစ်မှုနှင့်ပြစ်ဒဏ်

ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်း (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ခြင်းရှိပါက ဗဟိုအဖွဲ့သည်

(က) သတိပေးခြင်းနှင့်သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း

(ဂ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် (၂၅)သိန်းမှ အများဆုံး ကျပ် (၁၅၀)သိန်းအထိ ချမှတ်ခြင်းခံရမည်။

ဗဟိုအဖွဲ့ကချမှတ်သော မှတ်ပုံတင်လက်မှတ်လျှောက်ထားချက်ကို ငြင်းပယ်သည့်အမိန့် (သို့) ဆုံးဖြတ်ချက် (သို့) စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကိုဖြစ်စေ မကျေနပ်သူ သည် ထိုအမိန့်ကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ဝန်ကြီးဌာနသို့အယူခံနိုင်သည်။ ဝန်ကြီးဌာနသည် အယူခံမှုကို စိစစ်ပြီး ပလပ်ခြင်း (သို့) ချမှတ်ခဲ့သောအမိန့်ကို ပြင်ဆင်ခြင်း (သို့)ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီးဌာနမှ ချမှတ်သည့်အမိန့် (သို့) ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် တရားစီရင်ရေးဆိုင်ရာအမှုများကို တရားလို၏ ဆန္ဒအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုတွင် တရားစွဲပိုင်ခွင့်ရှိကြောင်းကို အခန်း(၁၃)တွင် ပြဌာန်းဖော်ပြထားသည်။

## ရည်ရွယ်ချက်များ

ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဌာန်းချက်များကိုလည်းကောင်း၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ ကတိပြုချက်များကို လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်တွင်းပြည်ပ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန်၊ ဘက်စုံပို့ဆောင်ရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုး တိုးတက်စေရန်၊ ကုန်စည်ကို သမားရိုးကျနည်းဖြင့် ကြားခံနိုင်ငံများမှတဆင့် ပို့ဆောင်ရာတွင် အဆင့်ဆင့်ဆောင်ရွက်ရသည့် အခက်အခဲနှင့် ပြဿနာများ လျော့နည်းကင်းဝေးစေပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုသွက်လက် မြန်ဆန်လာစေရန် တို့ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ်၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိစဉ်ကတစ်ကြိမ်၊ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီမှ အစီရင်ခံစာတစ်စောင် ပြုစုတင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်း

ခဲ့ကြောင်းတွေ့ရသည်။ ဥပဒေကြမ်း စတင်တင်သွင်းသည့် ပြည်သူ့လွှတ်တော်သို့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာသောအခါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ သဘောတူသဖြင့် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှု မရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၄) ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃)ရက်၊ အမျိုးသားလွှတ်တော်တွင် (၁)ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ကိုယ်စားပြုပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှလည်း ဆွေးနွေးခဲ့သည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |

## 4.21.0/ tDuf xa&mepfquf bG,fqmifrI Oya'ul;jiifqifonfyOya' (EdkifiHt;crf;om,ma&;EShifh bdkxa&;aumif;pDOya' trSwf ^2004 uk;jiifqifonfyOya')

Oya'urf;pwifwifoGif; jynfolUvTwfawf — 21.8.2013

7.10.2013 — Oya'urf;aumfwDtpD&ifcHpmwifoGif; jynfolUvTwfawf

jyifqifcsuf;twnfjyK jynfolUvTwfawf — 22.10.2013

16.1.2014 — Oya'urf;aumfwDtpD&ifcHpmwifoGif; trsdK;om;vTwfawf

twnfjyK trsdK;om;vTwfawf — 4.2.2014

18.2.2014 — Oya'tjzpftwnfjyK jynfxmifpkvTwfawf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးသိန်းညွန့် |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | သဃ်န်းကျွန်း |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆)**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ပြင်ဆင်ချက်**

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ စကားရပ်များကို ပြင်ဆင်ပြောင်းလဲ အစားထိုးထားသည်ကို တွေ့ရသည်။

**ဖြတ်သန်းမှု အဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့သည်ကို တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာ တင်သွင်းခဲ့သည့် ဆွေးနွေးရက် (၂) ရက်သာ ရှိခဲ့သည်။

## 4.22.0/ 1964 ckESrefmbu , f;yGJabmvkyfrefaumyfrD;&ESOya'ukdjyifqifonfhOya'

- 23.7.2012 — Oya'urf;pwifwifoGif; trsdK;om;vTwfawf
- 30.7.2012 — Oya'urf;aumfwDpDppfjyifqifwifoGif; trsdK;om;vTwfawf
- 30.7.2012 — twnfjyK trsdK;om;vTwfawf
- 17.8.2012 — Oya'urf;aumfwDpDppfjyifqifwifoGif; jynfolUvTwfawf
- 18.10.2012 — twnfjyK jynfolUvTwfawf
- 2.11.2012 — Oya'tjzpftwnfjyK jynfaxmifpkvTwfawf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဟန်စိန်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက် |
| အမျိုးအစား | ရုပ်သိမ်းသည့်ဥပဒေကြမ်း |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆယ်သွယ်ရေး နှင့် ဆောက်လုပ်ရေး |

**မိတ်ဆက်**

**၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈**

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက် နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁) ခန်းနှင့် ပုဒ်မပေါင်း (၂) ခုပါရှိပါသည်။

၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်းဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ဖြတ်သန်းမှုအဆင့်ဆင့်**

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင်လည်း တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင် ခံစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်အတည်ပြုခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့် ပတ်သက်၍ စုစုပေါင်း ဆွေးနွေးသည့်ရက် (၂)ရက်ရှိခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် (၁) ရက်၊ အမျိုးသားလွှတ်တော်တွင် (၁) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမျှ ဝင်ရောက်ဆွေးနွေးခြင်းကို မတွေ့ရပေ။

## 4.23.0/ vrf;EdkifiHtoif;tjcm;yifqkdif&mOya'ujyifqifonfhOya'

**Oya'lurf;pwifwifoGif;**
**trsdK;om;vTwfawmf** — 7.2.2014

7.2.2014 — **Oya'lurf;aumfwDpdppfNyD; wifoGif;**
**trsdK;om;vTwfawmf**

**twnfjyK**
**trsdK;om;vTwfawmf** — 26.2.2014

6.3.2014 — **Oya'lurf;aumfwDpdppfNyD; wifoGif;**
**jynfolUvTwfawmf**

**twnfjyK**
**jynfolUvTwfawmf** — 17.3.2014

18.6.2014 — **Oya'tjzpf twnfjyK**
**jynfaxmifpkvTwfawmf**

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးတင့်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၇)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅)

၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။


### အစားထိုးခြင်းနှင့် ဖြည့်စွက်ခြင်းများ

အစားထိုးခြင်းများတွင် စကားရပ်များကို ပြောင်းလဲအစားထိုးထားသည်။ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ထောင်ဒဏ် ငွေဒဏ်များ ပြောင်းလဲအစားထိုးထားသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီဖြင့် ထုတ်ပြန်နိုင်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်ခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ခြင်း စသည်တို့ကို အစားထိုးပြဋ္ဌာန်းဖော်ပြထားသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်၊ ပြည်သူ့လွှတ်တော်တွင် အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ခြင်းကို တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုမရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့သည်။

## 4.24.0/ a&alunif;twm;tqDb;tuf&ya'ukyfifqifonfhya'




| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဟန်စိန်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

## မိတ်ဆက်

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆)**

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

## ဖြတ်သန်းမှု အဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် တစ်ကြိမ်စီ ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာ တစ်စောင်စီ တင်သွင်းကာ ပြင်ဆင်ချက်အဆို တင်သွင်းမည့်လွှတ်တော် ကိုယ်စားလှယ် မရှိသဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ခုစလုံးတွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းဆွေးနွေးရက် (၂)ရက်သာ ရှိခဲ့သည်။

## 4.25.0/ jrpfu;0;fo;Gma&;t ufya'ujyifqifonfhOya'

- 25.6.2013 — Oya'ludrf;pwifwifoGif; trsKd;om;vTwfawmf
- 27.6.2013 — Oya'ludrf;aumfrwDpDppfwifjyif trsKd;om;vTwfawmf
- 3.7.2013 — twnfjyK trsKd;om;vTwfawmf
- 24.7.2013 — Oya'ludrf;aumfrwDpDppfwifjyif jynfolUvTwfawmf
- 5.8.2013 — twnfjyK jynfolUvTwfawmf
- 27.8.2013 — Oya' tjzpftwnfjyK jynfaxmifpkvTwfawmf

**နောက်ခံအကြောင်းအရာ**

| | |
|---|---|
| တင်သွင်းသူ | ဦးဟန်စိန်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

### မိတ်ဆက်

### (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### ဖြတ်သန်းမှု အဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် တစ်ကြိမ်စီ ဆွေးနွေးပြီး ဥပဒေကြမ်း ကော်မတီ အစီရင်ခံစာ တစ်စောင်စီ တင်သွင်းကာ ပြင်ဆင်ချက်အဆို တင်သွင်းမည့်လွှတ်တော် ကိုယ်စားလှယ် မရှိသဖြင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှု မရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့ပါသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်နှစ်ခုစလုံးတွင် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းဆွေးနွေးရက် (၂)ရက်သာ ရှိခဲ့သည်။

## 4.26.0/ qufGif&; Oya'

- Oya'Murf;pwifwifoGif; trsdK;om;vTwfawmf — 7.2.2013
- 7.3.2013 — Oya'Murf;aumfwDpDppfNyD;wifoGif; trsdK;om;vTwfawmf
- ukd;um;vSnfhrsm;\aqG;aEG;csufrsm; trsdK;om;vTwfawmf — 7.3.2013
- 2.7.2013 — Oya'Murf;aumfwDpDppfNyD;jyefvnfwifoGif; trsdK;om;vTwfawmf
- twnfjyK trsdK;om;vTwfawmf — 2.7.2013
- 2.8.2013 — Oya'Murf;aumfwDpDppfNyD;wifoGif; jynfolUvTwfawmf
- ukd;um;vSnfhrsm;\aqG;aEG;csufrsm; jynfolUvTwfawmf — 7.8.2013
- 7.8.2013 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf
- Oya'Murf;aumfwDpDppfNyD;wifoGif; trsdK;om;vTwfawmf — 20.8.2013
- 27.8.2013 — Oya'Murf;jyefvnfaumfwDpDppfNyD;wifoGif; jynfaxmifpkvTwfawmf
- oabmxm;uGJvGJcsufrsm;ESifh Oya'Murf;jyefvnfaumfwDvkyf awmfrSwf pDppfNyD;wifoGif; jynfaxmifpkvTwfawmf — 3.10.2013
- 3.10.2013 — ukd;um;vSnfhrsm;\aqG;aEG;csufrsm; jynfaxmifpkvTwfawmf
- Oya'twnfjyK jynfaxmifpkvTwfawmf — 3.10.2013

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဝင်းသန်း၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ (၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၈)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး |

## မိတ်ဆက်

## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁)

၂၀၁၃ ခုနှစ် အောက်တိုဘာလ (၈) ရက်နေ့တွင် သမ္မတ လက်မှတ်ရေးထိုး ပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်း (၁၉) ခန်းနှင့် အပိုဒ်ပေါင်း (၈၉) ပိုဒ် ပါဝင်သည်။ The Myanmar Telegraph Act 1885 နှင့် The Myanmar Wireless Telegraphy Act 1934 ကို ရုတ်သိမ်းသည်။

### ကိုင်တွယ်သည့်အဖွဲ့အစည်း

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသည် လိုင်စင်လျှောက်ထားမှုများကို စိစစ်ရမည်၊ လိုင်စင်ချထားပေးရမည်။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် အသုံးပြုသူ အကာအကွယ်ပေးရေးဆိုင်ရာ စံချိန်စံညွှန်းများကို သတ်မှတ်ပေးရမည်။ လိုင်စင်ရယူထားသော ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုလုပ်ရမည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဝန်ကြီးဌာနသည် လိုင်စင်လျှောက်ထားမှုများကို အတည်ပြုပေးရမည်။ ဝန်ကြီးဌာနသည် နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ပြီးကြီးကြပ်ရမည်။

ဆက်သွယ်ရေးဆိုင်ရာ အယူခံခုံရုံးသည် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အယူခံဝင်ခွင့်ပြုရန် အစိုးရက ဖွဲ့စည်းပေးရသည့် ခုံရုံးဖြစ်သည်။ အဖွဲ့ဝင်ကိုးဦးပါဝင်သော ခုံရုံးဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးအဖြစ် အနည်းဆုံးငါးနှစ် ဆောင်ရွက်ဖူးသူ၊ တရားရေး သို့မဟုတ် ဥပဒေရေးဝန်ထမ်းအဖြစ် အနည်းဆုံး (၁၀) နှစ်ဆောင်ရွက်ဖူးသူ ဖြစ်ရမည်။

လွှတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်ကို ဥပဒေအာဏာတည်သည့် နေ့မှစ၍ နှစ်နှစ်အတွင်း ဖွဲ့စည်းရမည်။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးဦးကဦးဆောင်ရမည်။

### ဥပဒေပါ ပြဋ္ဌာန်းချက်များ

ဆက်သွယ်ရေး လုပ်ငန်းလိုင်စင်တွင် (က) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ (ခ) ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်း နှင့် (ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်း (ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဝန်ဆောင်မှုပေးသည့်လုပ်ငန်း) တို့ပါဝင်သည်။

ဆက်သွယ်ရေးပစ္စည်းလိုင်စင်ဟူသည်မှာ ဆက်သွယ်ရေးပစ္စည်းတစ်မျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းအတွက် လိုအပ်သော လိုင်စင်ဖြစ်သည်။

### ပြစ်မှု - ပြစ်ဒဏ် ပြဋ္ဌာန်းချက်များ

ဦးစီးဌာနသည် လိုင်စင်ရရှိသူကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်သည်။

လိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ပါက ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်နိုင်သည်။ ငွေဒဏ်လည်း ချမှတ်

နိုင်သည်။ ဆက်သွယ်ရေးကွန်ရက်ကို ပျက်ဆီးစေခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လိမ်လည်ခြင်း၊ အနှောက်အယှက်ပြုခြင်းတို့ အတွက် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်နိုင်သည်။

လိုင်စင်ရယူရန် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းကို လိုင်စင်မရယူပဲ အသုံးပြုပါက တစ်နှစ် ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်သည်။

မမှန်မကန် သတင်းဖြန့်ဝေမှု၊ ဆက်သွယ်ရေးကို တားမြစ်မှု ပိတ်ပင်မှုတို့အတွက် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်သည်။

လျှို့ဝှက်စနစ်ဖြင့် ထားရှိသော သတင်းအချက်အလက်ကို သက်ဆိုင်ခြင်းမရှိသော အခြားသူတစ်ဦးဦးထံ ဖြန့်ဝေခြင်း အတွက် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်သည်။

စံချိန်စံညွှန်းကိုက်ညီမှုမရှိသော ကွန်ရက်အထောက်အကူ ပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိကြောင်း တွေ့ရှိရလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ် ချမှတ်နိုင်သည်။

## ရည်ရွယ်ချက်

ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း တည်ထောင် လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ လုံခြုံရေးကိစ္စများအတွက် လိုင်စင်ရယူအသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်ရန် ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ်၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာစဉ်က တစ်ကြိမ် ဥပဒေကြမ်းကော်မတီအစီရင်ခံစာ သုံးစောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုရှိသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာတစ်စောင် တင်သွင်းပြီး အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ အတည်ပြုပြီးသောဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၇)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၃) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂) နှင့်ပြည်ထောင်စုလွှတ်တော်တွင် (၂) ရက် ဆွေးနွေးခဲ့ကြောင်း တွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦး ဆွေးနွေးခဲ့သည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့ ဝင်ရောက်ဆွေးနွေး ခဲ့ကြောင်း တွေ့ရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်ဆိုင်ရာနည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး (၃)ဦး လာရောက်ရှင်းလင်းပြောကြားသည်ကို တွေ့ရသည်။

## ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဒုတိယဗိုလ်မှူးကြီးကျော်စိုးဦး | တပ်မတော်သား | | အမျိုးသားလွှတ်တော် |
| ၂ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော်/<br>ပြည်ထောင်စုလွှတ်တော် |
| ၃ | ဗိုလ်မှူးဇဝန | တပ်မတော်သား | | အမျိုးသားလွှတ်တော် |
| ၄ | ဦးသောင်းဟန် | ယင်းမာပင် | USDP | ပြည်သူ့လွှတ်တော် |
| ၅ | ဦးစိုင်းကျော်မြင့် | မိုးနဲ | SNDP | ပြည်သူ့လွှတ်တော် |
| ၆ | ဦးနိုင်ငံလင်း | ဒခိနသီရိ | NLD | ပြည်သူ့လွှတ်တော် |
| ၇ | ဦးသိန်းညွန့် | သဃ်န်းကျွန်း | SDP | ပြည်သူ့လွှတ်တော် |
| ၈ | ဒေါက်တာစိုင်းကျော်အုန်း | နမ့်ခမ်း | SNDP | ပြည်သူ့လွှတ်တော် |
| ၉ | ဦးခင်မောင်သီ | လှိုင်လင် | USDP | ပြည်သူ့လွှတ်တော် |
| ၁၀ | ဦးလှဆွေ | မကွေး (၁၂) | USDP | ပြည်သူ့လွှတ်တော် |

## 4.27.0/ jrefmEkHkHtv,mOtuf ya'ujtifqifbnfya'

27.6.2013 — Oya'lurf;pwifwifoGif; jynfolUVTwfawmf

27.6.2013 — Oya'lurf;aumfwDpDppfxkwfjyefwifoGif; jynfolUVTwfawmf

1.8.2013 — jyifqifcsufrsm;twnfjyK jynfolUVTwfawmf

20.8.2013 — Oya'lurf;aumfwDpDppfxkwfjyefwifoGif; trsKd;om;vTwfawmf

20.10.2013 — jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf

25.10.2013 — Oya'twnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဟန်စိန်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၇) ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ (၁၅) ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး |

**မိတ်ဆက်**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃)**

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

**ဖြတ်သန်းမှု အဆင့်ဆင့်**

ဥပဒေကြမ်းနှင့်ပတ်သက်၍ စတင်တင်သွင်းသည့် ပြည်သူ့လွှတ်တော်တွင်တစ်ကြိမ်၊ အမျိုးသားလွှတ်တော်တွင်တစ်ကြိမ် ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်စီ တင်သွင်းခဲ့သည်ကိုတွေ့ရသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ ဝင်ရောက်ဆွေးနွေးခြင်းမရှိဘဲ ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းရက် နှစ်ရက်သာရှိခဲ့သည်ကိုတွေ့ရသည်။

## 4.28.0/ vrf;ucD;Oya'ukglifqifonfOya'

- 7.2.2014 — Oya'lurf;pwifwifoGif; / trsdK;om;vTwfawmf
- 7.2.2014 — Oya'lurf;aumfwDpDppfcsuf wifoGif; / trsdK;om;vTwfawmf
- 26.2.2014 — twnfjyK / trsdK;om;vTwfawmf
- 7.3.2014 — Oya'lurf;aumfwDpDppfcsuf wifoGif; / jynfolUvTwfawmf
- 23.6.2014 — ukdjyifvSm;\aqG;aG;G / jynfolUvTwfawmf
- 23.6.2014 — twnfjyK / jynfolUvTwfawmf
- 23.7.2014 — or®wxHrS jyifqifcsuf ay;Oya'lurf;ay;if aumfwDavhvmawGU&Sdcsuf pDppfcsuf wifoGif; / jynfaxmifpkvTwfawmf
- 23.7.2014 — Oya' tjzpftwnfjyK / jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးစိုးတင့်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက် |
| အမျိုးအစား | ပြင်ဆင်ရေးဆွဲသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

## မိတ်ဆက်

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃)

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

### အစားထိုးခြင်းနှင့် ဖြည့်စွက်ခြင်းများ

အစားထိုးခြင်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးများ ကိုဆိုသည်ဟူသော စကားရပ်အစား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းအားလုံးကို ဆိုသည်ဟူသည့် စကားရပ်ဖြင့် အစားထိုးထားသည်။ ပြည်နယ်နှင့်တိုင်းဆိုသည့် စကားရပ်များကို တိုင်းဒေသကြီး (သို့) ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟူသောစကားရပ်ဖြင့် အစားထိုးထားသည်။ ပြစ်မှုနှင့် ပြစ်ဒဏ်များအားလည်း အစားထိုးထားပြီး တားမြစ်ချက်များလည်း ဖြည့်စွက်ထားသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် (သို့) ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ်အဆောက်အအုံများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားမြို့ပြဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်ဆိုသော ပုဒ်မခွဲ တစ်ခုကို ဖြည့်စွက်ထားသည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ခြင်း စသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည်။

### ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်း ကော်မတီအစီရင်ခံစာတစ်စောင်တင်သွင်းခဲ့သည်။ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ရာတွင် ဆွေးနွေးချက် အဆိုတင်သွင်းမည့်သူမရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်တွင်

အတည်ပြုခဲ့သည်။ ပြည်သူ့ လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်။ လွှတ်တော်နစ်ရပ် သဘောထားကွဲလွဲခြင်း မရှိဘဲ ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ချိန် တွင် သမ္မတ၏မှတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၄)ရက်ရှိခဲ့သည်။ အမျိုးသား လွှတ်တော်တွင် တစ်ရက်၊ ပြည်သူ့လွှတ်တော်တွင် (၂) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် တစ်ရက် ဆွေးနွေးခဲ့ ကြောင်း တွေ့ရသည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် နစ်ဦးနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ ဝင်ရောက် ဆွေးနွေးခဲ့ကြသည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးတင့် လာရောက် ရှင်းလင်းပြောဆိုသည်ကိုလည်း တွေ့ရသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးမြင့်စိုး | ပျော်ဘွယ် | USDP | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါ်တင်တင်ရီ | ကျွန်းစု | NLD | ပြည်သူ့လွှတ်တော် |

## 4.29.0/ EkHrhutuGdyD;GsKuf.kHonfrv, mOyfpöufcJrsm;qkd;rSm Oya'

- 4.3.2014 — Oya'lurf;pwifwifoGif; trsKd;om;vTwfawmf
- 20.3.2014 — Oya'lurf;aumfwDpDppfjyD;wifoGif; trsKd;om;vTwfawmf
- 20.3.2014 — uGif;qif;vSsif;\aqG;aEG;oHk;oyfcsuf trsKd;om;vTwfawmf
- 26.3.2014 — twnfjyK trsKd;om;vTwfawmf
- 10.6.2014 — Oya'lurf;aumfwDpDppfjyD;wifoGif; jynfolUvTwfawmf
- 18.6.2014 — jyifqifcsufrsm;jzifh twnfjyK jynfolUvTwfawmf
- 26.6.2014 — Oya'lurf;aumfwDpDppfjyD;wifoGif; trsKd;om;vTwfawmf
- 8.7.2014 — twnfjyK trsKd;om;vTwfawmf
- 30.7.2014 — oabmrwlnDcsufrsm;yg;xdkaom Oya'lurf;tay:aumfwD avhvmawGU&Sdcsufudk pDppfwifoGif; jynfaxmifpkvTwfawmf
- 30.7.2014 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲပြဋ္ဌာန်းသည့်ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

## မိတ်ဆက်

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇)

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၄) ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၁၂)ခု ပါရှိသည်။

### ဦးဆောင်အဖွဲ့

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကွန်ဗင်းရှင်း(Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ် ပါဝင်ပြီး အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။ ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို ထည့်သွင်းဖွဲ့စည်းရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အတွင်းရေးမှူး တို့ကို သတ်မှတ် တာဝန်ပေးနိုင်သည်။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် ကွန်ဗင်းရှင်း (Convention)နှင့် ပရိုတိုကောလ် (Protocol)တို့၌ပါရှိသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည်။ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနမှ သင့်လျော်သောအရာရှိတစ်ဦးကို မှတ်ပုံတင် အရာရှိအဖြစ် ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ပေးနိုင်သည်။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် မှတ်ပုံတင် အရာရှိတို့သည် ကွန်ဗင်းရှင်း (Convention)နှင့် ပရိုတိုကောလ် (Protocol)တို့ပါ အထူးအခွင့်အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့်ရှိသည်။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

### ရှင်းလင်းချက်

ကွန်ဗင်းရှင်း (Convention) ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူ အတည်ပြုပြဋ္ဌာန်းသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ကွန်ဗင်းရှင်း (Convention) ကို ဆိုလိုသည်။ ပရိုတိုကောလ်(Protocol) ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) ၏ လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ပရိုတိုကောလ် (Protocol) ကိုဆိုလိုသည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်ကတစ်ကြိမ် ဆွေးနွေးခဲ့ပြီးဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင်တင်သွင်းခဲ့သည်။ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ရာတွင် ဆွေးနွေးချက် အဆိုတင်သွင်းမည့်သူ မရှိသဖြင့် ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်တွင် အတည်ပြုခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်။ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲမှု မရှိ သဖြင့် ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြု ထားသောဥပဒေကြမ်းကို သမ္မတထံပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့်ပြန်လည်ပေးပို့ခြင်းကို ဥပဒေကြမ်း ပူးပေါင်းကော်မတီအစီရင်ခံစာ တစ်စောင်၊ ပြည်ထောင်စုလွှတ်တော်တွင်တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၄)ရက်ရှိခဲ့သည်။ အမျိုးသားလွှတ်တော်တွင် (၂)ရက်၊ ပြည်သူ့လွှတ်တော်တွင် တစ်ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် တစ်ရက် ဆွေးနွေးခဲ့ခြင်းကိုတွေ့ရသည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦး ဝင်ရောက်ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။ ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ USDP မှ (၂)ဦးနှင့် NLD မှ တစ်ဦးတို့ဖြစ်သည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးညွန့်တင် | ရန်ကုန် (၂) | USDP | အမျိုးသားလွှတ်တော် |
| ၂ | ဦးခင်မောင်ရီ | ဧရာဝတီ (၆) | USDP | အမျိုးသားလွှတ်တော် |
| ၃ | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန် (၄) | NLD | အမျိုးသားလွှတ်တော် |

## 4.30.0/ jynfwGif;a&;aumif;ESifhqkdif&;tzGJUOya'

- Oya'Murf;pwifwifoGif; jynfolUvTwfawmf — 5.6.2014
- 5.6.2014 — Oya'Murf;aumfwDpDppfcsufwifoGif; jynfolUvTwfawmf
- ukd,fpm;vS,frsm;\aqG;aEG;csuf jynfolUvTwfawmf — 31.7.2014
- 31.7.2014 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf
- Oya'Murf;aumfwDpDppfcsufwifoGif; trsKd;om;vTwfawmf — 17.9.2014
- 26.9.2014 — ukd,fpm;vS,frsm;\aqG;aEG;csuf trsKd;om;vTwfawmf
- jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf — 17.10.2014
- 27.11.2014 — oabmrwlnDcsufrsm;ESifhpyfvsOf; Oya'Murf;ay:aumfwD aygif;pyfpDppfcsufwifoGif; jynfaxmifpkvTwfawmf
- Oya'twnfjyK jynfaxmifpkvTwfawmf — 27.11.2014

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဇင်ယော်၊ ဒုတိယဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | ပြည်သူ့လွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဇွန်လ (၅)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

**မိတ်ဆက်**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁)**

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ (၅)ရက်နေ့တွင် သမ္မတမှ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၁၁) ခန်း နှင့် ဥပဒေပုဒ်မပေါင်း (၄၁) ခုပါရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်းဖွဲ့စည်းရမည်။ အဖွဲ့သည် ဤဥပဒေအရသတ်မှတ်ထားသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေ အာဏာမတည်မီကဖွဲ့စည်းခဲ့သည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ဤဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်လျှင် ယခင်ရာထူးနှင့် ရပိုင်ခွင့် အောက်လျော့နည်းခြင်း မရှိစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။

ဝန်ကြီးဌာနသည် ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးအပ်သူအား ဥက္ကဋ္ဌအဖြစ်ထားရှိပြီး အဖွဲ့ဝင်ဦးရေ အများဆုံးကိုးဦးပါဝင် သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ တစ်ဦးမှ အတွင်းရေးမှူးအဖြစ်နှင့် အမှုဆောင်အရာရှိချုပ်၊ ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် တစ်ဦး၊ ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် တစ်ဦး၊ စီးပွားရေးလုပ်ငန်းကျွမ်းကျင် ပညာရှင် တစ်ဦး ဝန်ကြီးဌာနမှ ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် ၎င်းတို့အပါအဝင် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ စီမံခန့်ခွဲရေးအဖွဲ့၏ ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ ရာထူးသက်တမ်းအားလည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမရှိရဟု ဖော်ပြပါရှိသည်။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ (သို့) အဖွဲ့ဝင် တစ်ဦးဦးကို ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် ထိုအဖွဲ့ဝင်အား တာဝန်မှရပ်စဲရမည်။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကိုခံစားခွင့်ရှိသည်။ စီမံခန့်ခွဲရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အခန်း (၆) တွင် ဖော်ပြပါရှိသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ အရာထမ်း၊ အမှုထမ်းအားလုံး သည် တာဝန်ကို ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု

မှတ်ယူရမည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေ များ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာန နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့တို့သည် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်။

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရက နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့်အခွန်အခများကို ပေးသွင်းရမည်။ အဖွဲ့သည် နိုင်ငံတော်ပိုင် ပစ္စည်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေး တွက်ချက်သတ်မှတ်ပြီး နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အဖြစ် ထားရှိရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှ အမြတ်ဝေစုကို နိုင်ငံတော်သို့ခွဲပေးရမည်။ အဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းအရအသုံးငွေများကို ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာ ငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားထည့်သွင်း ရေးဆွဲရမည်။ အဖွဲ့သည် သင့်လျော်သော ဘဏ်တွင် မြန်မာ ကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကိုသီးခြားစာရင်းဖွင့်လှစ်ထားရှိနိုင်သည်။ အဖွဲ့ပိုင်ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များနှင့်အညီ ဆောင်ရွက်ရမည်။ အဖွဲ့သည် ဆုကြေးရန်ပုံငွေ၊ သက်သာချောင်ချိရေးရန်ပုံငွေ၊ ဖွံ့ဖြိုးမှုရန်ပုံငွေ၊ တန်ဖိုးလျော့ ရန်ပုံငွေ၊ လှည့်ပတ်ရန်ပုံငွေ၊ အခြားလိုအပ်သောရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထားရှိရမည်။ အဖွဲ့သည် ဝန်ထမ်းအင်အားစာရင်း၊ ငွေသားအခြေအနေ၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်သည့် (သို့) ဝန်ဆောင်သည့်စာရင်း၊ အရှုံးအမြတ် စာရင်း၊ လက်ကျန်ရှင်းတမ်းစသည့် စာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။ အဖွဲ့သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဥပဒေများ နှင့်အညီ လျှောက်ထားနိုင်သည်။ အဖွဲ့သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများကြား ငွေကြေးဆိုင်ရာ အပြန်အလှန် အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီ ချက်ဖြင့် ဆောင်ရွက်နိုင်သည်။ အဖွဲ့တွင် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းရမည်။ အဖွဲ့၏ လုပ်ငန်းနှင့် စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (သို့) မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ (သို့) နိုင်ငံတကာအသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏ စစ်ဆေး မှုခံယူရမည်။

## ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်တို့ ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိစဉ်က တစ်ကြိမ်၊ ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ တစ်စောင် ပြုစုတင်သွင်း ခဲ့သည်။ အမျိုးသားလွှတ်တော်တွင် တစ်ကြိမ်ဆွေးနွေးခဲ့ပြီးဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှစ်စောင် တင်သွင်းခဲ့ ကြောင်းတွေ့ရသည်။ ဥပဒေကြမ်း စတင်တင်သွင်းသည့် ပြည်သူ့လွှတ်တော်သို့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သည့်အကြိမ်တွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ သဘောတူသဖြင့် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲမှုမရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးမှုမရှိ ဘဲ မှတ်တမ်းတင် အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင် အတည်ပြုခဲ့ သော ဥပဒေကြမ်းအား သမ္မတထံ ပေးပို့ရာ သမ္မတမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခဲ့

သည်။ သမ္မတ၏ သဘောထားမှတ်ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်း ကော်မတီ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်းတွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်များတွင် စုစုပေါင်းဆွေးနွေးရက် (၇)ရက်ရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် (၃) ရက်၊ အမျိုးသားလွှတ်တော်တွင် (၃) ရက် နှင့် ပြည်ထောင်စုလွှတ်တော်တွင်(၁)ရက် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

**ဆွေးနွေးမှု**

ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး ဝင်ရောက် ဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ် (၃) ဦး ဆွေးနွေးခဲ့ကြသည်။ NLD မှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ NDF မှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး နှင့် တပ်မတော်သား ကိုယ်စားလှယ်နှစ်ဦးတို့မှ ဆွေးနွေးခဲ့ကြသည်။

**ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | ကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးဖြိုးမင်းသိန်း | လှည်းကူး | NLD | ပြည်သူ့လွှတ်တော် |
| ၂ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | အမျိုးသားလွှတ်တော် |
| ၃ | ဗိုလ်မှူးမြင့်စိန် | တပ်မတော်သားကိုယ်စားလှယ် | | အမျိုးသားလွှတ်တော် |
| ၄ | ဗိုလ်မှူးကိုကို | တပ်မတော်သားကိုယ်စားလှယ် | | အမျိုးသားလွှတ်တော် |

## 4.31.0/ jrefmtrsKpdKm;avavmuif;Oya'

- 4.3.2014 — Oya'Murf;pwifwifoGif; trsKd;om;vTwfawmf
- 3.6.2014 — Oya'Murf;aumfwDpdppfcsufwifoGif; trsKd;om;vTwfawmf
- 3.6.2014 - 23.7.2014 — ukd,fpm;vS,frsm;\ aqG;aEG;csuf trsKd;om;vTwfawmf
- 23.7.2014 — Oya'Murf;aumfwDpdppfcsuf jyefvnfwifoGif; trsKd;om;vTwfawmf
- 23.7.2014 — jyifqifcsufrsm;twnfjyK trsKd;om;vTwfawmf
- 28.7.2014 — Oya'Murf;aumfwDpdppfcsufwifoGif; jynfolUvTwfawmf
- 22.9.2014 — jyifqifcsufrsm;twnfjyK jynfolUvTwfawmf
- 22.10.2014 — ukd,fpm;vS,frsm;\ aqG;aEG;csuf trsKd;om;vTwfawmf
- 28.10.2014 — Oya'Murf;aumfwDpdppfcsufwifoGif; trsKd;om;vTwfawmf
- 11.11.2014 — Oya'Murf;yl;aygif;aumfwDpdppfcsufwifoGif; jynfaxmifpkvTwfawmf
- 14.11.2014 — ukd,fpm;vS,frsm;\ aqG;aEG;csuf jynfaxmifpkvTwfawmf
- 27.11.2014 — oabm;xm;uGJvGJcsufrsm; Oya'Murf;yl;aygif;aumfwD avhvmawGU&SdcsufwifoGif; jynfaxmifpkvTwfawmf
- 27.11.2014 — Oya'tjzpftwnfjyK jynfaxmifpkvTwfawmf

| နောက်ခံအကြောင်းအရာ | |
|---|---|
| တင်သွင်းသူ | ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး |
| မဲဆန္ဒနယ်/အဖွဲ့အစည်း | ပို့ဆောင်ရေးဝန်ကြီးဌာန |
| စတင်တင်သွင်းသည့်လွှတ်တော် | အမျိုးသားလွှတ်တော် |
| တင်သွင်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ မတ်လ (၄)ရက် |
| ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်ရက်စွဲ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက် |
| အမျိုးအစား | အသစ်ရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေ |
| ကဏ္ဍ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး |

## မိတ်ဆက်

### (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် သမ္မတမှလက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။ ယင်းဥပဒေတွင် အခန်းပေါင်း (၉) ခန်း နှင့် ဥပဒေပုဒ်မပေါင်း (၂၅)ခုပါရှိသည်။

## ကိုင်တွယ်သည့်အဖွဲ့အစည်း

မြန်မာအမျိုးသားလေကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းရမည်။ မြန်မာအမျိုးသားလေကြောင်းသည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန် ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရမည်။ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေအာဏာမတည်မီက မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာအမျိုးသားလေကြောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လျှင် ယခင်ရာထူးနှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။ မြန်မာအမျိုးသား လေကြောင်း၏ လုပ်ငန်းအမျိုးအစားများကို အခန်း (၄) တွင် ပြဋ္ဌာန်းဖော်ပြထားသည်။

ဝန်ကြီးဌာနသည် မြန်မာအမျိုးသားလေကြောင်းမှ လေကြောင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် (၉) ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပုဂ္ဂိုလ်မှလည်းကောင်း၊ ဥက္ကဋ္ဌမှ ခန့်အပ်သည့်ပုဂ္ဂိုလ်မှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်အမှုဆောင်အရာရှိချုပ်တစ်ဦး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦး၊ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး၊ ဝန်ကြီးဌာနမှ ရွေးချယ်တာဝန်ပေးသည့် ပုဂ္ဂိုလ်များ စသည့် သူတို့နှင့် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ စီမံခန့်ခွဲရေးအဖွဲ့၏ ရာထူးသက်တမ်းသည် (၅) နှစ်ဖြစ်သည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း (၂) ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မရှိဟုဖော်ပြပါရှိသည်။ ဝန်ကြီးဌာနသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော ဥက္ကဋ္ဌ (သို့) အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်း မပြုလျှင် တာဝန်မှ ရပ်စဲရမည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးအဖွဲ့မှ သတ်မှတ်ပြီး ဝန်ကြီးဌာနက သဘောတူခွင့်ပြုသည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အခန်း(၆) တွင် ဖော်ပြထားသည်။ စီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့်

မြန်မာအမျိုးသားလေကြောင်း၏ အရာထမ်းအမှုထမ်းအားလုံးသည် ဤဥပဒေအရ တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည် ဟု မှတ်ယူရမည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် မြန်မာအမျိုးသားလေကြောင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

မြန်မာအမျိုးသားလေကြောင်းသည် ၎င်းကလွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် ကာလပေါက်ဈေးတန်ဖိုးတွက်ချက်ပြီး နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုအဖြစ်ထားရှိရမည်။ နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲ၍ စီမံခန့်ခွဲရေးအဖွဲ့မှအတည်ပြုပြီး ဝန်ကြီးဌာနသို့ပေးပို့ရမည်။ ဘဏ္ဍာနှစ်အလိုက် စုစုပေါင်း ရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဥပဒေနှင့်အညီ သီးခြားဖော်ပြ ထည့်သွင်းရေးဆွဲရမည်။ ရငွေသုံးငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် ပြည်တွင်းပြည်ပဘဏ်များတွင် ငွေစာရင်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီဖွင့်လှစ်ထားရှိရမည်။ ရရှိလာသော နိုင်ငံခြားဝင်ငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူခွင့် ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုခြင်းအလိုက်လည်းကောင်း ရငွေသုံးငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများထားရှိရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် ဥပဒေအရကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။ ဆုကြေးရန်ပုံငွေ၊ သက်သာ ချောင်ချိရေး ရန်ပုံငွေ၊ ဖွံ့ဖြိုးမှုရန်ပုံငွေ၊ တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊ အခြားလိုအပ်သောရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက် ဖြင့်ထားရှိရမည်။ ဝန်ထမ်းအင်အားစာရင်း၊ ငွေသားအခြေအနေ၊ ကုန်ပစ္စည်းထုတ်လုပ်ရောင်းဝယ်သည့် (သို့) ဝန်ဆောင်သည့် စာရင်း၊ အရှုံးအမြတ်စာရင်း၊ လက်ကျန်ရှင်းတမ်း စသည့်စာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။ ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းရမည်။ မြန်မာအမျိုးသားလေကြောင်း၏ လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (သို့) မြန်မာနိုင်ငံစာရင်းစစ်ကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ (သို့) နိုင်ငံတကာအသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

## ရည်ရွယ်ချက်

ဈေးကွက်စီးပွားရေးစနစ် နှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာစီးပွားရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ လေကြောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်တို့ဖြစ်သည်။

## ဖြတ်သန်းမှုအဆင့်ဆင့်

ဤဥဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းစဉ်က တစ်ကြိမ်၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ရောက်ရှိလာစဉ်က တစ်ကြိမ် ဆွေးနွေးခဲ့ရပြီး ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ သုံးစောင် ပြုစုတင်သွင်းခဲ့ရသည်ကို တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်တွင် တစ်ကြိမ် ဆွေးနွေးခဲ့ပြီး ဥပဒေကြမ်းကော်မတီအစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ဤဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးရာ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ အစီရင်ခံစာ တစ်စောင် ပြုစုတင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးသော ဥပဒေကြမ်းအား သမ္မတထံပေးပို့ရာ သမ္မတ၏ သဘောထားမှတ်ချက်ပေါ်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရသည်။

ဤဥပဒေကြမ်းနှင့်ပတ်သက်၍လွှတ်တော်များတွင် စုစုပေါင်း ဆွေးနွေးရက် (၈) ရက် ရှိခဲ့သည်။ အမျိုးသား

လွှတ်တော်တွင် (၄) ရက်၊ ပြည်သူ့လွှတ်တော်တွင် (၁) ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် (၃)ရက် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

## ဆွေးနွေးမှု

ဤဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦး ဝင်ရောက်ဆွေးနွေးခဲ့ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၅)ဦးဝင်ရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဆွေးနွေးခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များမှာ USDPမှတစ်ဦး၊ NDF မှ တစ်ဦး၊ SNDP မှ တစ်ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် နှစ်ဦးစီတို့ဖြစ်သည်။

ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရ အဖွဲ့ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် လာရောက်ရှင်းလင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

### ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | ကိုယ်စားလှယ် | မဲဆန္ဒနယ် | ပါတီ | ဆွေးနွေးသည့်လွှတ်တော် |
|---|---|---|---|---|
| ၁ | ဦးညွန့်တင် | ရန်ကုန် (၂) | USDP | အမျိုးသားလွှတ်တော်/ ပြည်ထောင်စုလွှတ်တော် |
| ၂ | ဒေါ်ခင်ဝိုင်းကြည် | ရန်ကုန် (၁) | NDF | ပြည်ထောင်စုလွှတ်တော် |
| ၃ | ဦးရဲထွန်း | သီပေါ | SNDP | ပြည်ထောင်စုလွှတ်တော် |
| ၄ | ဒုတိယဗိုလ်မှူးကြီး စိုးလင်း | တပ်မတော်သား | | အမျိုးသားလွှတ်တော် |
| ၅ | ဗိုလ်မှူးအောင်နိုင်ဦး | တပ်မတော်သား | | အမျိုးသားလွှတ်တော် |

## အခန်း (၅)
## သုံးသပ်ချက်များနှင့် အကြံပြုချက်များ

### လွှတ်တော်နှင့် ပတ်သက်၍

လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်ကို လေ့လာကြည့်ရာတွင် လွှတ်တော်ဥက္ကဋ္ဌများနှင့် နာယကတို့၏အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်နေသည်ကို တွေ့ရပါသည်။ ပြည်ထောင်စုလွှတ်တော် နာယကသည် အစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတင်သွင်းသော ဥပဒေကြမ်းများကို မည်သည့်လွှတ်တော်တွင် စတင်ဆွေးနွေးရမည်ဟု ဆုံးဖြတ်ပေးနိုင်သည်။ ဥပဒေကြမ်းများကို မူလစတင်တင်သွင်းသည့်လွှတ်တော်သည် ဥပဒေကြမ်းကို နှစ်ကြိမ်ဆွေးနွေးရပြီး၊ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းဆွေးနွေးခြင်းပြုမပြု အဆုံးအဖြတ်ပေးနိုင်သည့် အနေအထားတွင်ရှိသည်။ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌသည် ဥပဒေကြမ်း၏ မည်သည့်အဆင့်တွင်မဆို ဆိုင်းငံ့ရန်အဆိုကို တင်သွင်းစေနိုင်သည်ကိုလည်း တွေ့ရသည်။ ထို့အပြင် နည်းဥပဒေများ၏ တိကျမှု အားနည်းနေခြင်းကြောင့် ဥပဒေကြမ်း ဆွေးနွေးရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း အချို့အပိုင်းများမှာ တိကျမှု မရှိသည်ကို တွေ့ရသည့်ပြင် လွှတ်တော်ဥက္ကဋ္ဌများ၏ အဆုံးအဖြတ်ပေါ် မူတည်ကာ ဆောင်ရွက်နေရကြောင်းတွေ့ရသည်။ လွှတ်တော်များသည် မြန်မာ့နိုင်ငံရေးတွင် ရေရှည်အတွက် အရေးကြီးသော နိုင်ငံရေးအဆောက်အဦများဖြစ်သောကြောင့် လူပုဂ္ဂိုလ်အပေါ် တည်မှီနေခြင်းကို အနည်းဆုံး လျှော့ချနိုင်မည့် ခိုင်မာသည့် လုပ်ထုံးလုပ်နည်းများ ရှိနေရန် လိုအပ်ပါသည်။

ဥပဒေကြမ်းများကို ဆောင်ရွက်မှုအား လေ့လာကြည့်ရာတွင် လွှတ်တော်နှစ်ရပ်ဖြစ်သော အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အကြားတွင် ဥက္ကဋ္ဌများ၏ ဆုံးဖြတ်ချက် များကို မူတည်၍ ခြားနားချက်များ ရှိနေသည်ကို တွေ့ရသည်။ လွှတ်တော်နည်းဥပဒေများတွင် ဥပဒေကြမ်း ဆွေးနွေးရာ၌ ပြင်ဆင်ချက်အဆိုများ တင်သွင်းနိုင်သည်ဟု ဖော်ပြထားသော်လည်း မဖြစ်မနေတင်သွင်းရမည်ဟု ဆိုလိုခြင်းမရှိပေ။ အမျိုးသားလွှတ်တော်တွင် ပြင်ဆင်ချက်အဆို တင်သွင်းခြင်း ပုံစံထက် ဥပဒေကြမ်းတစ်ခုလုံးကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက ယေဘုယျ ဝင်ရောက်ဆွေးနွေးသည့်ပုံစံကို အသုံးပြုသည်။ ထိုဆွေးနွေးမှုများပေါ် မူ တည်၍ ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီအကြား ကြားနာမှုများ ပြုလုပ်စေပြီး အဆိုပြုပြင်ဆင် ချက်များ ထည့်သွင်းထားသည့် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာနှင့် ဥပဒေကြမ်းမူတစ်ရပ်ကို တင်ပြစေကာ အတည်ပြုသည့် နည်းလမ်းကို အသုံးပြုသည်။

ပြည်သူ့လွှတ်တော်တွင်မူ ပြင်ဆင်ချက်အဆိုများ တင်သွင်းစေသည့် နည်းလမ်းကို အသုံးပြုသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းပါ အကြောင်းအရာများကို လွှတ်တော်ကိုယ်စားလှယ်များ ချိုင့်ဆွေးနွေးစေပြီးနောက် ဥပဒေကြမ်းကော်မတီကို နှစ်ဆင့် စိစစ်စေသည့်နည်းနှင့် ပြည်သူ့လွှတ်တော်တွင် ပြင်ဆင်ချက်အဆိုများ တင်သွင်းအဆုံးအဖြတ်ခံယူပြီး ဥပဒေကြမ်းကို ပြင်ဆင်မှုများ ပြုလုပ် စေသည့်နည်းကို အသုံးပြုကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ယေဘုယျအားဖြင့် ဥပဒေပြုမှုပုံစံ နှစ်မူကွဲနေသည်ကို တွေ့ ရသည်။ ထိုသို့ကွဲပြားနေရခြင်းမှာ နည်းဥပဒေများ၏ တိကျမှုအားနည်းချက်ကြောင့်ဖြစ်ပြီး၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများပြင်ဆင်ရာတွင် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်ပေးနိုင်မည့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ကာ တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်သင့်ပါသည်။

ကော်မတီကို နှစ်ကြိမ် စိစစ်စေသည့်နည်းလမ်းမှာ လွှတ်တော်တွင်း ဆွေးနွေးချိန် သက်သာခြင်းစသည့် အားသာချက် များရှိသော်လည်း ကော်မတီ၏ ခေါ်ယူကြားနာမှုများမှာ တံခါးပိတ်အစည်းအဝေးများ ဖြစ်နေခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ကျယ်ပြန့်စွာ ပါဝင်နိုင်မှုကို အကန့်အသတ် ရှိစေနိုင်သည်။ ထို့အတူ ပြင်ဆင်ချက်အဆိုများဖြင့် ဆောင် ရွက်သည့်နည်းလမ်းသည် လွှတ်တော်တွင်းဆွေးနွေးချိန် ပိုမိုများပြားစေသည်။ သို့သော် ပွင့်လင်းမြင်သာမှုပိုင်းတွင် အားသာချက်ရှိသည်ဟု ဆိုနိုင်သည်။ သို့သော် ပြင်ဆင်ချက်အဆိုများကိုကျန်လွှတ်တော်ကိုယ်စားလှယ်များက ကြိုတင် သိရှိနိုင်ခြင်းမရှိပဲ နေ့ချင်းဝင်ရောက်ဆွေးနွေးရန် လိုအပ်ခြင်း၊ ထိုဆွေးနွေးမှုအတွက် ဥက္ကဋ္ဌက ခွင့်ပြုရန် လိုအပ်ခြင်းတို့မှာ အားနည်းချက်များ ဖြစ်နိုင်သည်။ ထို့ကြောင့် နိုင်ငံအတွက် အရေးကြီးသော ဥပဒေပြုရေးလုပ်ငန်းကို ဆောင်ရွက်ရာ တွင် ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှုကို သမမျှတစွာ ဖော်ဆောင်ပေးနိုင်မည့် နည်းလမ်းကို ရေရှည်တွင် အသုံးပြုသင့်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်၍

ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ဆွေးနွေးမှုများကို လေ့လာကြည့်ရာ ပျမ်းမျှဆွေးနွေးမှုအကြိမ်ရေမှာ ဥပဒေကြမ်းတစ်ခုလျှင် ၁၁ ကြိမ်ကျော်ခန့်ရှိပြီး၊ ၅ ရက်ကျော်ခန့် ဆွေးနွေးရလေ့ရှိကြောင်းတွေ့ရသည်။ ဥပဒေကြမ်း၏ အကြောင်းအရာနှင့် အမျိုးအစားအလိုက် ဆွေးနွေးရသည့် အချိန်မှာ ကွာဟချက်များ ရှိနိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုပါက သတ်မှတ်ထားသည့် ဆွေးနွေးရက်ထက် သုံးရက်သာကြိုတင် အမည်စာရင်းတင်သွင်းစေခြင်းကိုကြည့်လျှင် အနည်းဆုံး သုံးရက်မှ လေးရက်ခန့်သာ အချိန်ရနိုင်သည့် အနေအထားတွင် ရှိသည်။ ထိုအခြေအနေသည် ဥပဒေကြမ်းများကို ဝင်ရောက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက်သော်လည်းကောင်း၊ ဥပဒေကြမ်း ဆွေးနွေးမှုတွင် ပါဝင်လိုသည့် နိုင်ငံသားများနှင့် အဖွဲ့အစည်းများအတွက် အကန့်အသတ်များ ရှိနေသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ဥပဒေပြုရေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ပိုမို ထိထိရောက်ရောက် ပါဝင်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နည်းဥပဒေများကို ပိုမိုတိကျစေရန်အတွက် ပြင်ဆင်နိုင်ရန် ကြိုးစားခြင်း၊ ဥပဒေကြမ်း ဆွေးနွေးမှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပေးခြင်း၊ လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်မှုများကို စိစစ်ထိန်းကျောင်းမှုပြုခြင်းစသည့် နည်းလမ်းများဖြင့် မိမိတို့၏ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် အနေအထားတစ်ရပ်ကို ချဲ့ထွင်နိုင်ရေး ကြိုးစားနိုင်ရန် လိုအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးဖြစ်စဉ်တစ်လျှောက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိမရှိကိုလည်း လေ့လာသုံးသပ်နေရန် လိုအပ်ပြီး၊ ထိုမညီညွတ်မှုများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံသားများကို ကိုယ်စားပြုခွင့်၊ ဥပဒေပြုခွင့် အခွင့်အရေးကို ထိခိုက်စေသည့်အားလျော်စွာ အစဉ်မပြတ် ထိန်းကျောင်းစိစစ်မှု ပြုနေရန် လိုအပ်သည်။

## ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပတ်သက်၍

ဤကဏ္ဍ ၅ ရပ်ပါ ဥပဒေကြမ်းများကို လေ့လာကြည့်ရာတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍနှင့် ပတ်သက်သည့် ဥပဒေကြမ်းအရေအတွက်မှာ အများဆုံးဖြစ်ကြောင်းတွေ့ရပြီး၊ စီးပွားရေးကဏ္ဍနှင့် ပတ်သက်သည့် ဥပဒေကြမ်း အရေအတွက်မှာ ဒုတိယ အများဆုံးဖြစ်သည်။ ထိုအချက်က နိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းနေရသည်ဟု ဖော်ပြနေပြီး၊ စီးပွားရေးပြောင်းလဲမှုအတွက် လိုအပ်သည့် ဥပဒေကြမ်းများကိုလည်း ဆောင်ရွက်နေရကြောင်း ဖော်ပြနေသည်။ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေပြုခြင်းမှ စတင်ဆောင်ရွက်ခြင်းမှာ ကောင်းမွန်သည့် အလေ့အထတစ်ရပ်ဖြစ်ပါသည်။ ထို့အတူ

ထိုဥပဒေများကို အဓိကစတင်ရေးဆွဲပြီး ဖော်ဆောင်နေရသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် ဥပဒေများကို တရားဝင်ဖြစ်စေမှု နည်းလမ်းများသက်သက်ထက် ကျော်လွန်၍ နိုင်ငံသားများ အကျိုးအတွက် တကယ်လက်တွေ့တွင် အဓိပ္ပာယ်ရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ကိုင်တွယ်နိုင်မှသာ ဥပဒေ၏ အကျိုးကျေးဇူးများကို နိုင်ငံသားများအနေဖြင့် လက်တွေ့ခံစားရပြီး၊ တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုပါလိမ့်မည်။

## ဥပဒေပြုရေးဖြစ်စဉ်တွင် ပါဝင်လိုသည့် အဖွဲ့အစည်းများ၊ နိုင်ငံသားများနှင့် ပတ်သက်၍၊

ဥပဒေပြုရေးဖြစ်စဉ်မှ စတင်၍ နိုင်ငံသားများနှင့် နိုင်ငံသား အခြေပြုအဖွဲ့အစည်းများ ပါဝင်ခြင်းသည် ရေရှည်တွင် ဥပဒေပြုရေးမဏ္ဍိုင်ပိုမိုခိုင်မာပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရေးအတွက် အလွန်အရေးပါပါသည်။ ထို့ကြောင့် လွှတ်တော်အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားများ၏ ပါဝင်မှုကို ပိုမိုချဲ့ထွင်ပေးရန် လိုအပ်သလို ပါဝင်ရန်လိုအပ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံသားများအနေဖြင့်လည်း ဥပဒေပြုမှု၏ မည်သည့်အဆင့်တွင် မည်သည့်နည်းလမ်းများဖြင့် ပါဝင်မှုပြုနိုင်ကြောင်း၊ မည်သည့်အခွင့်အလမ်းများကို ထိရောက်စွာ အသုံးပြုနိုင်ကြောင်း စသည့် ဥပဒေပြုရေးဆိုင်ရာ အချက်အလက်များနှင့် ဥပဒေပြုမှု အဆင့်များကို မျက်ခြေမပြတ်သိရှိနေရန် လိုအပ်ပါသည်။ ဥပဒေပြုသည့် အဆင့်များတွင် ဥပဒေကြမ်းတင်သွင်းပြီးနောက် ကော်မတီ အစီရင်ခံစာ ပြုစုနေသည့်ကာလ၊ ကော်မတီ အစီရင်ခံစာ တင်သွင်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနေသည့် ကာလများတွင် ဝင်ရောက် ဆွေးနွေးရန် အကောင်းဆုံး ကာလများဖြစ်သည်။ တင်သွင်းသည့် ဥပဒေကြမ်းကို ကန့်ကွက်လိုပါက စတင်တင်သွင်းသည့် အဆင့်သည် ဆွေးနွေးရန် အကောင်းဆုံးကာလဖြစ်သည်။ လွှတ်တော်နှစ်ရပ်ဆွေးနွေးကြရာတွင် စတင်တင်သွင်းသည့် လွှတ်တော်တွင် ဆွေးနွေးသည့်ကာလအတွင်း ဝင်ရောက်ဆွေးနွေးခြင်းဖြင့် ဥပဒေကြမ်းကို ပိုမိုထိရောက်စွာ လွှမ်းမိုးနိုင်သည့် အနေအထားတွင် ရှိပါသည်။ သို့မှသာ ဥပဒေပြုရေးတွင် ပါဝင်နိုင်သည့် အဆင့်များအလိုက် လူထုအကြား ကျယ်ပြန့်သည့် ဆွေးနွေးမှုများ ဖြစ်ပေါ်စေပြီး၊ အတည်ပြုပြဋ္ဌာန်းမည့် ဥပဒေများအပေါ် အနှစ်သာရရှိသည့် လွှမ်းမိုးမှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ လွှတ်တော်အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် ထိုပါဝင်မှုများကို ကြိုဆိုရန်၊ လမ်းဖွင့်ပေးရန် တိုက်တွန်းလိုပါသည်။

# ကိုးကားစာရင်း


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမ အကြိမ် ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၁ခုနှစ်)၊ လွှတ်တော်ရုံး။

၃။ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ (၂၀၁၂ ခုနှစ်)၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမ အကြိမ်ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၃ခုနှစ်)၊ လွှတ်တော်ရုံး။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမ အကြိမ်ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၄ခုနှစ်) ပထမတွဲ ၊ လွှတ်တော်ရုံး။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမ အကြိမ်ပြည်ထောင်စုလွှတ်တော် ဥပဒေများ (၂၀၁၄ခုနှစ်) ဒုတိယတွဲ ၊ လွှတ်တော်ရုံး။

၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။

၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ)လွှတ်တော်ရုံး။

၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (တတိယတွဲ)လွှတ်တော်ရုံး။

၁၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (စတုတ္ထတွဲ)လွှတ်တော်ရုံး။

၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။

၁၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊(ဒုတိယတွဲ) လွှတ်တော်ရုံး။

၁၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။

၁၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ)လွှတ်တော်ရုံး။

၁၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း၊ (တတိတွဲ)လွှတ်တော်ရုံး။

၁၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၁၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။

၁၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ)လွှတ်တော်ရုံး။

၁၉။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။

၂၀။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ)လွှတ်တော်ရုံး။

၂၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး မှတ်တမ်း၊ လွှတ်တော်ရုံး။

၂၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၂၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၂၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၂၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၂၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၂၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး မှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။
၂၈။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး မှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။
၂၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၃၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၃၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၃၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း (တတိယတွဲ) လွှတ်တော်ရုံး။
၃၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၃၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၃၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၃၆။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၃၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှတ်တမ်း (တတိယတွဲ) လွှတ်တော်ရုံး။
၃၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၃၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၄၀။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၄၁။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၄၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၄၃။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၄၄။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၄၅။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၄၆။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၄၇။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။
၄၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။
၄၉။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။
၅၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၅၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။
၅၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း (ပထမတွဲ) လွှတ်တော်ရုံး။
၅၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) လွှတ်တော်ရုံး။

၅၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (တတိယတွဲ) လွှတ်တော်ရုံး။

၅၄။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၅၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၅၈။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၅၉။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၆၀။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၆၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၆၂။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၆၃။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ) လွှတ်တော်ရုံး။

၆၄။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

၆၅။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှတ်တမ်း၊ လွှတ်တော်ရုံး။

၆၆။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ပထမတွဲ)လွှတ်တော်ရုံး။

၆၇။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်း၊ (ဒုတိယတွဲ) လွှတ်တော်ရုံး။

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၅)

# မြန်မာ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေများအား လေ့လာခြင်း အစီရင်ခံစာ အမှတ် (၁)

(စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ)

ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် လွှတ်တော်လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၁၃ခုနှစ်မှစတင်လုပ်ဆောင်လာခဲ့ရာ လွှတ်တော်တွင်းမေးခွန်း မေးမြန်းမှုများ၊ အဆိုတင်သွင်းမှုများ၊ အစည်းအဝေးတစ်ခုချင်းအလိုက် သုံးသပ်ချက် အစီရင်ခံစာများကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယခု အစီရင်ခံစာသည် လွှတ်တော်၏ လုပ်ငန်းများထဲမှ အဓိကလုပ်ငန်း တစ်ရပ်ဖြစ်သော ဥပဒေပြုရေး နှင့်ပတ်သက်ပြီး ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ပထမဆုံးထုတ်ဝေသည့် အစီရင်ခံစာဖြစ်ပါသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသော ပြည်ထောင်စုအဆင့် ဥပဒေပြုခွင့်ရှိသည့် ကဏ္ဍ ၁၂ ရပ် အနက်မှ စီးပွားရေး ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တော ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ကဏ္ဍစသည့် ကဏ္ဍ ၅ မျိုးပါ ဥပဒေကြမ်းများအနက်မှ လွှတ်တော်စတင် ကျင်းပသည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်း ပြီးဖြစ်သည့် ဥပဒေ ၃၁ ခုကို ယခုအစီရင်ခံစာတွင် လေ့လာဖော်ပြထားပါသည်။ ဥပဒေကြမ်းများကိုလေ့လာခြင်း၊ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အလွယ်တကူ ရရှိနိုင်ခြင်းအားဖြင့် လွှတ်တော် လေ့လာစောင့်ကြည့်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော ဥပဒေပြု ရေးဖြစ်စဉ်တွင် နိုင်ငံသူ၊ နိုင်ငံသားများ ပါဝင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်မည်ဟု ယုံကြည်ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်
အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်၊
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်
E-mail : research@omimyanmar.org